# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၈၃)၊ ၁၃၈၈ ခုနှစ် ၊ တော်သလင်းလဆန်း ၆ ရက်၊ ၁၇-၉-၂၀၂၆၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)


**ယနေ့ ဖတ်စရာအညွှန်း**

နလုံးခုန်မမှန်သူများအတွက် သွေးကျဲဆေးများက အကျိုးကျေးဇူးရှိနိုင်ကြောင်း ရလဒ်အသစ် ထွက်ပေါ်လာ

စာမျက်နှာ ၇

ဂျပန်နိုင်ငံရှိ အသက်တစ်ရာနှင့် အထက်လူဦးရေ တစ်သိန်း ကျော်သွားပြီဟု အတည်ပြုကြေညာ

စာမျက်နှာ ၈

တရုတ်နှင့် အိန္ဒိယ ခရီးသွားများ အတွက် ဆိုက်ရောက် ဗီဇာတစ်နှစ် ထပ်မံတိုးမြှင့်

စာမျက်နှာ ၁၃


## ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

နန်နင်း စက်တင်ဘာ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီး ကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပမည့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၂၃) ကြိမ်မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဒုတိယသမ္မတ ဦးညိုစောသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊

စာမျက်နှာ ၃ သို့ ☆



ဒုတိယသမ္မတ ဦးညိုစောနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာတင်းရွှယ်ရှန်တို့ တွေ့ဆုံဆွေးနွေးစဉ်။

## ရန်ကုန်မြို့ အတွင်းဝန်များရုံးအတွင်းရှိ ကော်ဖီဘားများ၌ နိုင်ငံလေးနိုင်ငံမှ ကော်ဖီစစ်စစ်အရသာကိုးမျိုးကို သောက်သုံးသူများလာ

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်မြို့ပြ၏ လူစည်ကားရာနေရာနှင့် မြို့တွင်း၌ ကော်ဖီစစ်စစ်သောက်သုံးသော ယဉ်ကျေးမှုပျံ့နှံ့လာလျက်ရှိရာ အတွင်းဝန်များရုံးအတွင်းရှိ တာဝါ(၇) Yangon Speciality Heart ကော်ဖီဘားများ၌ ကော်ဖီစစ်စစ်ထွက်ရှိရာ နိုင်ငံပေါင်းလေးနိုင်ငံမှ ကော်ဖီစစ်စစ်အရသာကိုးမျိုးကို သောက်သုံးသူ များလာကြောင်း သိရသည်။

စာမျက်နှာ ၃ သို့ ❖



ရန်ကုန်မြို့ အတွင်းဝန်များရုံးအတွင်းရှိ ကော်ဖီဘား၌ ကော်ဖီသောက်သုံးနေသူများကို တွေ့ရစဉ်။

## အမေရိကန်နိုင်ငံသား Adam Michael Castillo အား ပြည်နှင်စေလွှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ကမ္ဘာ့နိုင်ငံအားလုံးနှင့် သံတမန်ဆက်ဆံရေး၊ မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုလျက် ချစ်ကြည်ရင်းနှီးစွာဖြင့် ဆက်ဆံဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် ညနေပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နိုင်ငံကူးလက်မှတ်အမှတ်၊ ၅၆၅၄၈၄၄၉ ကိုင်ဆောင်သူ အမေရိကန်နိုင်ငံသား Adam Michael Castillo အား ပြည်နှင်စေလွှတ်ခဲ့သည်။

အဆိုပါ အမေရိကန်နိုင်ငံသား Adam Michael Castillo သည် The American Chamber of Commerce in Myanmar (မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ကုန်သည်ကြီးများအသင်း)၏ ဖွဲ့စည်းပုံစည်းမျဉ်းပါ ကန့်သတ်ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်ခဲ့သဖြင့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ပန်းဘဲတန်းမြို့မရဲစခန်း (ပ)၆၉/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၄၀၉ ဖြင့် အမှုဖွင့်လှစ် အရေးယူထားရှိသည့်အမှုမှ တရားခံဖြစ်ပြီး ၎င်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အမေရိကန်ပြည်ထောင်စုတို့၏ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးကို ရှေးရှုလျက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်စေလွှတ်ခဲ့ကြောင်း သိရှိရသည်။

## လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၆

ယနေ့မွန်းလွဲ ၃ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် စက်တင်ဘာ ၁၉ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်း ပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေ ခန့်ရှိနိုင်ပါသည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၈ ပေခန့် ရှိနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်၊ ကြာသပတေးနေ့။

မန္တလေး

## ဘဝအတွေ့အကြုံများကို သင်ခန်းစာယူတတ်ရမည်

လောကလူသားတို့၏ လျှောက်လှမ်းရာဘဝခရီးသည် ပန်းခင်းထားသောလမ်းမဟုတ်ပါ။ လူသားတိုင်း ဖြစ်ပြန်ပျက်ပြန် လောကဓံတရား၏ ရိုက်ပုတ်မှုကြောင့် ဒုက္ခကိုလည်း ခါးစည်းခံရသည်။ သုခကိုလည်း ကြိုးစားအားထုတ်မှုကြောင့် ကြုံတွေ့ရမြဲပင်ဖြစ်သည်။ လူသားတိုင်း လူ့ဘဝကိုရောက်လာသည်နှင့် အရာအားလုံးကို မြင်တွေ့ကြားသိလာကြပြီး တဖြည်းဖြည်း သင်ယူတတ်မြောက်ကျွမ်းကျင်လာကြခြင်းဖြစ်သည်။ လူ့ဘဝဖြတ်သန်းရမည့် အဆိုး၊ အကောင်း၊ အမှား၊ အမှန်၊ အဖြစ်အပျက်တို့၏ အတွေ့အကြုံများကို သင်ခန်းစာယူ၍ ဆင်ခြင်တွေးခေါ် ဆုံးဖြတ်ဆောင်ရွက်လာတတ်ခြင်းဖြစ်သည်။

ထို့ပြင် အမှားများ၊ အပျက်များပေါ်တွင် လူသားတို့ အိပ်မောကျနေပါက အမှန်အဖြစ်ကို မည်သို့တွေ့နိုင်ပါမည်နည်း။ မှားရခြင်း၏အဖြေကို ရှာဖွေရမည်ဖြစ်သည်။ စူးစမ်းဆင်ခြင်စိတ်ရှိရမည်ဖြစ်သည်။ အမှန်တရားဆိုသည်မှာ အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်သော အရာမျိုးမဟုတ်ပါ။ သယံဇာတ တွင်းထွက်ပစ္စည်းကဲ့သို့ တူးဆွယူရမည်လည်းဖြစ်သည်။ ထို့အတွက် သတ္တိရှိရန်လိုသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယရှိရန်လည်း လိုအပ်မည်ဖြစ်သည်။

မကောင်းသောစိတ်၊ ဆိုးညံ့သောစရိုက်တို့သည် လူသားတို့ကို ဆွဲဆောင်နိုင်စွမ်းရှိကြသည်။ ဆေးလိပ်သောက်ခြင်းသည် မကောင်းမှန်းသိကြ၏။ သို့သော် ဆေးလိပ်စွဲသူများက များပြားလျက်ရှိသည်။ အရက်သောက်ခြင်းသည်လည်း ဆိုးဝါးကြောင်း သိကြ၏။ သို့သော် အရက်မဖြတ်နိုင်သူများက တစ်ပုံတစ်ပင်ကြီးဖြစ်သည်။ ထို့အတူ အပျော်အပါး၊ လောင်းကစားတို့သည် ကျန်းမာရေး၊ လူမှုရေးတို့ကို ထိခိုက်နစ်နာစေနိုင်ကြောင်း လူတိုင်းသိကြ၏။ သို့သော် မရှောင်နိုင် မရှားနိုင်ဘဲ တဝဲလည်လည်နှင့် မိုက်တွင်းနက်နေကြသူ များစွာရှိပါသည်။ ထိုသူများ၏ဘဝ မည်သို့မျှတင့်တယ်နိုင်မာ၍ ကျက်သရေမင်္ဂလာရှိလာမည်မဟုတ်ပါ။ အမှားကို အမှန်ပြင်နိုင်သူသည်သာ လူလိမ္မာဖြစ်မည်။ မကောင်းမှုကိုပြုပြင်ရာတွင် အချိန်နှောင်းသွားပြီဟူ၍ မရှိပါ။ ပြုပြင်စိတ်ရှိရန်သာ လိုအပ်မည်ဖြစ်သည်။ ဘဝသည် ပြီးဆုံးသွားပြီဟူ၍လည်းမရှိပါ။ ငါ့ဘဝကတော့ သွားပါပြီဟုဆိုရာ အရှုံး၏နောက်တွင် ဘဝကို ရေစုန်မျှောမပစ်သင့်ပါ။ လောကတွင် လူသားတိုင်း ရင်ဆိုင်ကြုံတွေ့ရမည့် အချိန်ကာလများရှိသည်။ အဆိုပါအချိန်ကာလများကို အရှုံးမပေးဘဲ ရဲရဲကြီးကျော်ဖြတ်ဖို့ လိုအပ်မည်ဖြစ်သည်။ အောင်မြင်မှုနှင့်လွဲချော်ပြီး ဆုံးရှုံးမှုနှင့်ရင်ဆိုင်ရလျှင်လည်း အရှုံးကိုလက်ခံပြီး အောင်မြင်မှုရရှိနိုင်ရန် လူသားတိုင်းကြိုးစားခွင့်ရှိသည်။

ဘဝတွင် အဆိုးကိုချည်း ကြုံတွေ့ရသည်မဟုတ်ပါ။ အဆိုးပြီးလျှင် အကောင်းဘက်ကို ရောက်လာမည်ဖြစ်သည်။ ပြုပြင်၊ ပြင်ဆင်၊ ပြောင်းလဲရန်သာ လိုအပ်မည်ဖြစ်သည်။ မည်သည့်အရာမှ မဖြစ်နိုင်ဟူ၍မရှိပါ။ သို့သော် မိမိအခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် ပြုပြင်ဖန်တီးပုံဖော်ကြိုးစားရမည်ဖြစ်သည်။

လူ့လောကတွင် ဘဝနှင့်ပတ်သက်သည့် စိတ်ဓာတ်အပေါက်အပြဲ၊ အတွေးအခေါ် စသည်တို့ကို အစုတ်အနုတ်ဘဝသို့ ရောက်ရှိမသွားစေရန် အချိန်မီ ဖာထေးချုပ်လုပ်ရမည်လည်းဖြစ်သည်။ သို့မဟုတ်ပါက ဘဝတစ်ခုလုံး အပေါက်အပြဲများနှင့် ဂုဏ်သိက္ခာမဲ့စွာ လူလုံးမလှ ဖြစ်ရပေလိမ့်မည်။ လူတစ်ယောက်၏ဘဝတွင် မလိုလားအပ်သော အပေါက်အပြဲများကို မမေ့မလျော့ မပေါ့မဆ သတိတရားအပ်ပြီး အချိန်မီ ဖာထေးချုပ်လုပ်ပါမှ နဂိုမူလ အခြေအနေမှန်သို့ ပြန်လည်ရောက်ရှိသွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ လူတိုင်းလူတိုင်း ကိုယ့်ကိုယ်ကိုယ် အမြဲဝေဖန်ဆန်းစစ်ကြည့်ရမည်ဖြစ်သည်။ မိမိကိုယ်တိုင် လူ့ဘဝဖြတ်သန်းရမည့် အတွေ့အကြုံများကို သင်ခန်းစာယူပြီး တကယ်မှားနေလျှင် တွန့်ဆုတ်မနေဘဲ ချက်ချင်းပြုပြင်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## အသိပညာပေးဟောပြော၊ ပုံပြော၊ ကဗျာရွတ် ပြိုင်ပွဲများကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မုန့်ပေါင်းကျေးရွာ အလင်းသစ်စာကြည့်တိုက်နှင့်(အ·မ·က-၁၄)အခြေခံပညာကျောင်းများတွင် အသိပညာပေးဟောပြောပွဲ၊ ပုံပြော၊ ကဗျာရွတ် ပြိုင်ပွဲများနှင့် နံရံကပ်စာစောင်များ ပြသခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျန်းမာရေးသည် အရေးကြီးသည့်အတွက် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျောင်းနှင့် ကျောင်းဝန်းကျင်သန့်ရှင်းရေးများ ဆောင်ရွက်ရန်လိုအပ်ပြီး ဘက်စုံဖွံ့ဖြိုးသည့် ကျောင်းသား၊ ကျောင်းသူများဖြစ်ရန် ကျောင်းစာအပြင် ပြင်ပစာပေများကို အသက်အရွယ်အပိုင်းခြားအလိုက် ရှာဖွေဖတ်ရှုသွားကြရန် ရှင်းလင်းဟောပြောသည်။

ထို့နောက် ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ ပြုလုပ်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက ဖတ်ရှုထားသည့် ပုံပြင်များ၊ ကဗျာများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးနံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

**ထက်ထက်(ကျောက်ဆည်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေး

**မိတ္ထီလာ စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ တောမကျေးရွာအုပ်စု၊ ပန်းတော်ဆက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၅ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ပန်းတော်ဆက်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၃၂ ဒသမ ၈ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပန်းတော်ဆက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၉ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၂ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ၁၀ ဒသမ ၇ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို ငွေကျပ် ၃၂ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(၄၆၉)**

## ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားနှင့် ရောင်စုံပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ကန့်ဘလူ စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့တွင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနားနှင့် ရောင်စုံပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဦးကျော်မျိုးထက်က ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံနှင့် ရောင်စုံပန်းချီပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပန်းချီဆရာကြီး ဦးစိုးမြင့်ဝေက ပန်းချီပြိုင်ပွဲတွင် အကဲဖြတ်အမှတ်ပေးပုံများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်၊ မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးစိုးတို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ဆက်လက်၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ရောင်စုံပန်းချီပြိုင်ပွဲ အလယ်တန်းအဆင့်နှင့်မူလတန်းအဆင့်တွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ခရိုင်တာဝန်ခံနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများကိုယ်စား အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုရရှိသော မမေဖြူစင်ကျော်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## ၂၀၂၆ ခုနှစ်၊ အလွတ်တန်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပ

**လားရှိုး စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ၂၀၂၆ ခုနှစ်၊ ရှမ်း(မြောက်)ကော်မတီမှ ကြီးမှူးကျင်းပသည့် လမုန့်စားပွဲအထိမ်းအမှတ် ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၁၆ ရက်က ပြည်ထောင်စု အားကစားကွင်းရှိ လေ့ကျင့်ရေးအားကစားခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများက ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးမြတ်ထွန်းဦးအား အလေးပြုပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ကို စုပေါင်းရွတ်ဆိုခဲ့ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

ထို့နောက် ကိုးဝင် ကိုးကန့် စာပေသင်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" သီချင်းဖြင့် သရုပ်ဖော်ကပြဖျော်ဖြေခဲ့ပြီး ပထမဦးဆုံး ယှဉ်ပြိုင်ကစားသည့် အမျိုးသားအသင်း Lashio အသင်းနှင့် GR Cake အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ(ရှမ်းမြောက်)ကော်မတီမှ ကြီးမှူးကျင်းပသည့် လမုန့်စားပွဲအထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက်မှ ၂၆ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အမျိုးသားအသင်း ၂၂ သင်းနှင့် အမျိုးသမီးအသင်းခြောက်သင်း စုစုပေါင်း ၂၈ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)**

**လှမော်(ပြန်/ဆက်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

**စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့ လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

☆ ရှေ့ဖုံးမှ

တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ရောက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ တင်းရွှယ်ရှန်နှင့် နန်နင်းမြို့ လီယွမ်နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံကာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိစဉ် နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးခဲ့မှုများနှင့် သဘောတူစာချုပ်များလက်မှတ်ရေးထိုးခဲ့မှုတို့အပေါ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံအောက်မှ စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား အွန်လိုင်းလိမ်လည်မှုအပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး လုပ်ငန်းများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင်ဒုတိယသမ္မတဦးညီစောသည်လီယွမ်နိုင်ငံတကာကွန်ဖရင့်စင်တာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့်ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။**သတင်းစဉ်**

## လာမည့်နွေရာသီအမီ လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်ရန်အတွက် ဆောင်ရွက်နေသည့်စီမံကိန်းများ အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် မှာကြား

**နေပြည်တော် စက်တင်ဘာ ၁၆**

လာမည့်နွေရာသီအမီ လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်ရန်အတွက် ဆောင်ရွက်နေသည့် စီမံကိန်းများ အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ကြရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေရှိ ၂၃၀ ကေဗွီ ပျဉ်းမနားပင်မဓာတ်အားခွဲရုံနှင့် ရွှေမြို့ပင်မဓာတ်အားခွဲရုံများကို ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားသည်။



ကြည့်ရှုစစ်ဆေးစဉ်တာဝန်ရှိသူများကယခုမိုးရာသီကာလအတွင်း ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးနိုင်မှု၊ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးနေစဉ်အတွင်း ဓာတ်အားစနစ် တစ်ခုလုံး ပြတ်တောက်ခြင်း (System Breakdown) ဖြစ်ပေါ်ရမှုအခြေအနေ၊ လာမည့်နွေရာသီတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ဖြန့်ဖြူးရန် ဆောင်ရွက်ထားမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

တင်ပြမှုများအပေါ် System Breakdown ဖြစ်ပေါ်မှုသည် ဓာတ်အားစနစ်တွင် လက်ခံနိုင်စရာမရှိသည့်အတွက် ပပျောက်စေရေး ဆောင်ရွက်လျက်ရှိသော်လည်း အချိန်ကာလတစ်ခု ကြာမြင့်မည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်နေချိန်အတွင်း နိုင်ငံတော်၏ အရေးကြီး နေရာများတွင် ဓာတ်အား လုံးဝပြတ်တောက်မသွားစေရေးနှင့် အမြန်ဆုံး ဓာတ်အားစနစ်ပြန်လည်မောင်းနှင်နိုင်ရေးအတွက် Battery Energy Storage System (BESS) စနစ်ဖြင့် ဆောင်ရွက်သွားနိုင်ရန် စီမံဆောင်ရွက်လျက်ရှိရာ ဓာတ်အားပေးရမည့် နေရာများအလိုက် အနည်းဆုံးလိုအပ်မည့် ဝန်အားများကို တိကျစွာ တွက်ချက်ထားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့အတူ ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ တင်ပြမှုများကိုလည်း ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု ယုံကြည်အားကိုးရသည့် လျှပ်စစ်ဓာတ်အားစနစ် ဖြစ်ပေါ်လာစေရေးအတွက် ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှု၊ ဖြန့်ဖြူးမှု အပိုင်း သုံးပိုင်းလုံးတွင် ဟန်ချက်ညီ တိုးတက်လာစေရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ ရန်ကုန်မြို့မှ

Yangon Speciality Heart ကော်ဖီဘားများတွင်မြန်မာ၊ထိုင်း၊အီသီယိုးပီးယားနှင့် ကိုလံဘီယာနိုင်ငံတို့မှ ထွက်ရှိသည့် အာရေးဗီးကား (Arabica) ကော်ဖီစေ့ကို နှစ်သက်ရာ အနံ့အရသာအလိုက် မှာယူသူများရှေ့တွင်ကြိတ်၍ ရေအေး၊ ရေနွေးဖြင့် သောက်သုံးရန် ဝန်ဆောင်မှုပေးသည်။ အဆိုပါကော်ဖီဘားများ၌ မြန်မာနိုင်ငံ ပြင်ဦးလွင်မြို့၊ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၊ အီသီယိုးပီးယားနိုင်ငံ Yirgacheffe၊ Sidamo၊ Harrar ဒေသနှင့် ကိုလံဘီယာနိုင်ငံ Huila ဒေသတို့မှ ထွက်ရှိသည့် အရည်အသွေး ကောင်းမွန်သော အာရေးဗီးကားကော်ဖီစေ့များကို ပြသထားသည်။

**အရသာနှင့် ရနံ့များ ကွာခြား**

အဆိုပါ နိုင်ငံပေါင်းလေးနိုင်ငံမှ အာရေးဗီးကားကော်ဖီစေ့သည် သစ်သီးရနံ့၊ ပန်းရနံ့၊ ကာရာမယ်လ်အရသာ၊ ချောကလက်ရနံ့၊ ပန်းသီးအရသာ၊ သံပရာ/လီမွှော်သီးရနံ့၊ ပျားရည်ရနံ့၊ ကိုကိုးရနံ့နှင့် အခွံမာသီးရနံ့တို့ဖြင့် နိုင်ငံအလိုက် စိုက်ပျိုးမြေပေါ်မူတည်၍ အရသာနှင့် ရနံ့များ ကွာခြားကြောင်း သိရသည်။

"ကော်ဖီစစ်စစ်ကို ဘာမှရောနှောမှု မရှိဘဲ သောက်သုံးတာဟာ ဥရောပနိုင်ငံတွေမှာ များပါတယ်။ ယနေ့ခေတ်မှာ ကော်ဖီစေ့ကို တိုက်ရိုက်ကြိတ်ပြီး သောက်သုံးရာကနေ လူသားတစ်ဦးရဲ့ ကျန်းမာရေးကို အထောက်အကူပြုစေကြောင်း သိလာကြတဲ့အတွက် ရန်ကုန်မြို့မှာ ကော်ဖီစစ်စစ်သောက်သုံးတဲ့ယဉ်ကျေးမှု ထွန်းကားလာတာဟာ ခေတ်မီမြို့ပြဖွံ့ဖြိုးမှုနဲ့ ဟန်ချက်ညီလာတယ်လို့ ပြောရမှာပါ။ မြန်မာ့ကော်ဖီဟာ အီသီယိုးပီးယားနဲ့ ကိုလံဘီယာကော်ဖီလိုပဲ ဈေးကွက်တစ်ခုကို ဖော်ဆောင်နေပြီဖြစ်တဲ့အတွက် ယခုလို ကော်ဖီဘားတွေအပြင် တန်ဖိုးမြှင့်ထုတ်ကုန်တွေဖန်တီးပြီး ပြည်ပကို တင်ပို့နိုင်မယ်ဆိုရင် နိုင်ငံနဲ့စိုက်ပျိုးသူတွေအတွက် အကျိုးကျေးဇူးရရှိစေမှာပါ " ဟု Yangon Speciality Heart ကော်ဖီဘား၏ Coffee Room ဆိုင်မန်နေဂျာ ဒေါ်မြတ်နိုးခင်က ပြောသည်။

မြန်မာ့အာရေးဗီးကား ကော်ဖီတွင် Blackcurrant အရသာ၊ Yogurt အရသာ၊ Cream အရသာနှင့် Cocoa အရသာ၊ ထိုင်းအာရေးဗီးကားကော်ဖီတွင် Orange Blossom အရသာ၊ Honey အရသာ၊ Cream အရသာနှင့် Cocoa အရသာ၊ အီသီယိုးပီးယားကော်ဖီတွင် Peony အရသာ၊ Orange Blossom အရသာ၊ White Peach အရသာနှင့် Jin Xuan အရသာ၊ ကိုလံဘီယာကော်ဖီတွင် Vanilla အရသာ၊ Whiskey အရသာ၊ Maple Syrup အရသာ၊ Butter အရသာ၊ Lychee အရသာ၊ White Flower အရသာအပါအဝင် အရသာ ၂၉ မျိုး၊ Black Coffee တွင် Long Black၊ Espresso၊ White Coffee တွင် Coffee Latte၊ Cappuccino နှင့် Flat White ကော်ဖီတို့ကို သောက်သုံးနိုင်ရန် ဝန်ဆောင်မှုပေးကြောင်း သိရသည်။

ဓာတ်ပုံ - ကိုလွင်
သတင်း - ဥသာ



## တောင်သာမြို့နယ်၌ ရေဘေးသင့်အိမ်ထောင်စုများအား ဆန်ရိက္ခာထောက်ပံ့ပေးအပ်

**တောင်သာ စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်အတွင်းရေဘေးသင့်အိမ်ထောင်စုများအား ဆန်ရိက္ခာထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက တောင်သာမြို့နယ်အတွင်းရှိ ကျောဇီကျေးရွာ၊ ရွာလေးကုန်းကျေးရွာ၊ ရွာဘဲကျေးရွာ၊ ငါးပင်စင်ကျေးရွာ၊ ဆင်မင်းကျေးရွာ၊ သာယာအေးကျေးရွာနှင့် ကျွန်းကြီး(တ/မ)ကျေးရွာတို့မှ အိမ်ထောင်စု ၄၂၂ စုအတွက် APTERR ဆန် ၁၉၅ အိတ် ထောက်ပံ့ပေးအပ်မှုအခြေအနေအား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တောင်သာမြို့နယ်အတွင်း ရေဘေးသင့်အိမ်ထောင်စုများမှလူဦးရေ ၁၃၉၅ ဦးအတွက် APTERRဆန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်မျိုးနိုင်(တောင်သာ)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်



**မန္တလေး စက်တင်ဘာ ၁၆**

"ကမ္ဘာမြေ ပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့" ဆောင်ပုဒ်ဖြင့် မန္တလေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးကြပ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အပါအဝင် အခြားဌာနများနှင့် ပူးပေါင်းပြီး အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် လစဉ်အသိပညာပေးခြင်း၊ ရေထုအရည်အသွေးနှင့် ဝန်းကျင်လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အိုဇုန်းလွှာပျက်စီးမှုကို ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများတွင် အားလုံးအတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်တို့က ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်တို့တွင် ဆုရရှိသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး Video Clip နှင့် ပြသထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပိုစတာများ၊ ခင်းကျင်းပြသထားသည့် အထိမ်းအမှတ်ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ဒေသခံတောင်သူများအား မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်

**ကန့်ဘလူ စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ တောက္ကရုပ်ကျေးရွာတွင် ဒေသခံတောင်သူများ၏ မိုးစပါးစိုက်ဧကများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ယူရီးယားနှင့်ကွန်ပေါင်းဓာတ်မြေဩဇာ ပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီက ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ကန့်ဘလူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦးက ဒေသခံတောင်သူများ စိုက်ပျိုးထားသော မိုးစပါးစိုက်ဧကများ ပန်းတိုင်အထွက်နှုန်းရရှိရေး ယခုပေးအပ်သော ဓာတ်မြေဩဇာများကို စနစ်တကျသုံးစွဲကြရန် လိုအပ်ကြောင်း မှာကြားသည်။ ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှကြိုင်က ဓာတ်မြေဩဇာများ ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦးနှင့် တာဝန်ရှိသူများက ကျေးရွာတောင်သူများအား ဓာတ်မြေဩဇာအိတ်များကို အသီးသီးပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါ ဓာတ်မြေဩဇာပေးအပ်ပွဲတွင် ယူရီးယားနှင့် ကွန်ပေါင်းဓာတ်မြေဩဇာအိတ် ၉၀ ကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းမင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖအဖွဲ့များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟိန်းမင်းဦးနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းဇော်တို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြပြီး ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့က ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာသောဌာနဆိုင်ရာများက မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ အသီးသီးမေးမြန်းဆွေးနွေးပြောကြားခဲ့ပြီး ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

၀-၀-၀-၀-၀

## မြို့နယ်ပညာရေးမှူးပလား မူလတန်း၊ အလယ်တန်း၊ အထက်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြည်သူ့အားကစားကွင်း၌ ယမန်နေ့ညနေ ၄ နာရီက မြို့နယ်ပညာရေးမှူးဖလား မူလတန်း၊ အလယ်တန်း၊ အထက်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးမိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်း ဘောလုံးပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သော ဘောလုံးအသင်းများနှင့် ပွဲစဉ်တစ်လျှောက် အသန့်ရှင်းဆုံး၊ ဂိုးသွင်းအများဆုံး ဘောလုံးသမားများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးအောင်ထားရွှေ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မင်း၊ ခရိုင်ပညာရေးမှူး ဒေါ်သီသီကြိုင်နှင့် တာဝန်ရှိသူများက ရွှေ၊ ငွေဆွဲပြားများ၊ ဆုငွေများနှင့် ဒိုင်းဆုများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၄၈၅)**




## ပန်းချီဆရာ နေဇော်၏ တစ်ကိုယ်တော်ပန်းချီပြပွဲ ပြသ




**မန္တလေး အောက်တိုဘာ ၁၆**

ပန်းချီဆရာနေဇော်၏ BETWEEN LIGHT AND SHADOW အမည်ဖြင့် (၇)ကြိမ်မြောက် တစ်ကိုယ်တော် ပန်းချီပြပွဲကို ယနေ့နံနက် ၁၀ နာရီက မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၇၄လမ်း၊ တံခွန်တိုင်အဝိုင်းအနီးရှိ သီရိပစ္စယာ အနုပညာပြခန်းတွင် ဖွင့်လှစ်ပြသခဲ့သည်။

ပြပွဲတွင် ဆရာနေဇော်၏ အလင်းနှင့်အရိပ်ကြားက ရသမျှ အရောင်ကလေးများကို ခြယ်သထားသော အခရိုင်းလစ်ပန်းချီကား ၄၃ ကားကို ချိတ်ဆွဲပြသထားပြီး ပြပွဲအား စက်တင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်တိုင်တိုင် နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကာ ပန်းချီမြတ်နိုးသူများ လာရောက်လေ့လာ ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(၀၇၀)**

# ညောင်တုန်းကျွန်းတာ မြစ်ကမ်းပါး ရေတိုက်စားမှုကြောင့် မြေအိပဲ့ကျမှု ဖြစ်ပွားခဲ့သည့်နေရာ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ပုသိမ် စက်တင်ဘာ ၁၆

ဧရာဝတီ တိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ချောင်းကြီး ကျေးရွာအုပ်စု ချောင်းဖျားကျေးရွာရှိညောင်တုန်း ကျွန်းတာ (ဧရာဝတီမြစ်ခွဲ)၌ ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ဆည်မြောင်းတာအိပဲ့ကျမှု ဖြစ်ပွားခဲ့သည့် နေရာများတွင် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် တာ၏ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချရမှု ရှိစေရေး အထူး ဂရုပြုဆောင်ရွက်ရန်၊ ရေစီးကြောင်း အခြေအနေ၊ ရေစီးနှုန်းနှင့် ကမ်းပါး အခြေအနေကို အမြဲမပြတ် စောင့်ကြည့်စစ်ဆေးပြီး လိုအပ်သည့် နေရာများတွင် အချိန်မီ ကြိုတင်ပြင်ဆင်ကာကွယ်ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ မြစ်ကမ်းရေတိုက်စားသည့်နေရာများတွင်ယာယီပန်းတာ တည်ဆောက်ခြင်း စုစုပေါင်း အလျား ပေ ၂၄၅၀၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း အလျား ပေ ၅၉၀၀၊ တုတ်တန်းရိုက်သဲအိတ် ဖြည့်ခြင်း အလျား ပေ ၁၂၀၀၊ တုတ်တန်းအား slope တာခြေ ထောက်ခြင်း ပေ ၁၂၀၀၊ Geotextile အုပ်ခြင်း ပေ ၁၆၀၀၊ ရေလမ်းသောင်တူးခြင်းလုပ်ငန်း ၉၃၂၀ ကုဗမီတာ၊ Floating Structure တည်ဆောက်ခြင်း လုပ်ငန်း (ဝါးကိုင်းထည့်ခြင်း) ပေ ၁၀၀၀၊ Steel Cable Groyne (သံမဏိကြိုး အသုံးပြု ရေစီးထိန်းလုပ်ငန်း) အလျား ပေ (၁၀၀) ၁၀ ချောင်းဖြင့် ဆောင်ရွက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် Porcupine (ရေစီးနှုန်းလျော့ကျစေပြီး ရေထဲတွင် ပါလာသောနုန်းမြေ (Sediment) များ စုပုံလာအောင် ပြုလုပ်သည့်လုပ်ငန်း) ချထားခြင်း ၇၃၈ ခု ဆောင်ရွက်ပြီးစီးခဲ့ပြီး မြစ်ကမ်းထိန်းသိမ်းခြင်း လုပ်ငန်းများကို စက်အင်အား၊ လူအင်အား အသုံးပြု၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

## ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ညောင်တုန်းမြို့နယ် ပဲရုံဆိပ်ကျေးရွာရှိ ထိပ်တန်းနို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်းနှင့် ကျောင်းကုန်းမြို့နယ် ကံကလေး ကျေးရွာရှိ ဦးဟိန်းဇာနည်အောင်၏ဥစားကြက်ခြံတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍အားကစားရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး (ပုသိမ်ဇုန်)၌ ၂၀၂၆ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံး ပြိုင်ပွဲ အုပ်စု(ဃ) ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို သွားရောက် ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အနိုင်ရရှိခဲ့သည့် ဧရာဝတီ တိုင်းဒေသကြီးအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့အတူ ပုသိမ်မြို့ ပန်းတင်ကုန်း ဘူတာဘောလုံးကွင်း၌ ကျင်းပသည့် ဘောလုံးကွင်းဖွင့်ဖလား ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ပြီး ဗိုလ်လုပွဲအဖြစ် CALLOUS FC အသင်းနှင့် SILENT STRICKER FC အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ပြိုင်ပွဲဝင်အသင်းများ၊ အကောင်းဆုံးအားကစားသမားဆုရရှိသူများ၊ ဆုရရှိသည့် အသင်းများအား တစ်ဦးချင်း ဆုတံဆိပ်များ၊ ဆုဖလားနှင့် ငွေသားဆုတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ ဖြူစင်ဖိုးဝရှိလူမှုကူညီရေးအသင်းသို့ စက်တင်ဘာ ၁၆ ရက်က မိခင်ကြီး ဒေါ်မြကြည်နှင့် အစ်မကြီး ဒေါ်ဝင်းငွေတို့အား ရည်စူး၍ မန္တလေးမြို့၊ စက်မှု(၁)နေ ဒေါ်ခင်မြင့်ထူးက ကျန်းမာရေးဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၅၀ ကို လှူဒါန်းရာ အသင်းအလုပ်အမှုဆောင် ဦးဝင်းသန့်က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၀၇၀)

# သင်္ဂဇာကန်ပတ်လမ်းတွင် အမည်မသိ အမျိုးသမီးတစ်ဦး သေဆုံးနေသည်ကို တွေ့ရှိ

**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေး၊ ဒေးဝန်းအနောက်၊ သင်္ဂဇာကန်ပတ်လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားတွင် ယနေ့ နံနက်ပိုင်းက အမည်မသိအမျိုးသမီးတစ်ဦး သေဆုံးနေသည်ကို တွေ့ရှိခဲ့သည်။

နံနက် ၇ နာရီ ၃၅ မိနစ်ခန့်တွင် သေဆုံးနေသူကို တွေ့ရှိခဲ့ပြီး ဆိုင်ကယ်တက္ကစီမောင်းသူ တစ်ဦးက သက်ဆိုင်ရာတာဝန်ရှိသူများထံ အကြောင်းကြားခဲ့ခြင်း ဖြစ်သည်။

အကြောင်းကြားမှုအရ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အမှတ်(၆)ရဲစခန်းမှ တာဝန်ရှိသူများနှင့် ရပ်ကွက်တာဝန်ရှိသူများက သေဆုံးသူအား တွေ့ရှိရာနေရာသို့ သွားရောက်ခဲ့ကြသည်။

ထို့နောက် အေးချမ်းငြိမ်းလူမှုကူညီရေးအသင်းက သေဆုံးသူအား နံနက် ၉ နာရီခန့်တွင် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် သေဆုံးသူ၏ အမည်၊ အသက်နှင့် သေဆုံးရသည့် အကြောင်းရင်းကို အတည်ပြုနိုင်ခြင်းမရှိသေးဘဲ သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်စုံစမ်းဖော်ထုတ်နေကြောင်း သိရသည်။

**ကျော်စေယျ(မန္တလေးနေ့စဉ်)**

# ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနှင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်ခြောက်မြို့နယ်၌ ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပဲ့ကျမှုဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည် တိုက်စားမှုဖြစ်ပေါ်ခဲ့သည့်နေရာအား ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ တာမိုင် (၁၁/၆ + ၆၀၀') မှ (၁၁/၆ + ၆၅၀') အတွင်း Steel Cable Groyne (သံမဏိကြိုး အသုံးပြုရေစီးထိန်းလုပ်ငန်း) ဆောင်ရွက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



အလားတူ ဧရာဝတီတိုင်းဒေသကြီးလေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်/ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများ ချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**သတင်းစဉ်**



## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**မကွေး စက်တင်ဘာ ၁၆**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မကွေးမြို့နယ်အတွင်းရှိ ကျေးရွာ ရှစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

မကွေးမြို့နယ်အတွင်းရှိ ချောင်းဖြူကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ ဝါဂွမ်းကျေးရွာ၊ နတ်ကန်ကျေးရွာ၊ အေးမြသာယာကျေးရွာ၊ ကန်သစ်ကျေးရွာ၊ လွန်မြတ်ကန်ကျေးရွာနှင့် ပုတီးကုန်းကျေးရွာတို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် ဝန်ထမ်းများက စက်တင်ဘာလပထမပတ်အတွင်းက သက်ဆိုင်ရာကျေးရွာများသို့ ကွင်းဆင်း၍ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့သည်။

အဆိုပါကျေးရွာ ရှစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော ကျေးရွာ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးရွေးချယ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါဖွံ့ဖြိုးရေးလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစေရေးနှင့် ကျေးရွာအတွက် ရေရှည်အသုံးပြုနိုင်ရေးအတွက် ဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)
**အထွေး**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်ရက်ကန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရွှေဘို စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ရွှေဘိုမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်ရက်ကန်းလုပ်ငန်းများအား ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေဘိုမြို့နယ်၊ ပိတ္တောကျေးရွာအုပ်စုရှိ တောင်သူ ခြောက်ဦး၏ လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချခြင်း စံပြစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ နွားလေးကုန်းရပ်ကွက်ရှိ နွားမွေးမြူရေးခြံများအား ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် အထောက်အပံ့များ ပေးအပ်နိုင်ရေးအတွက် ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် အမှတ်(၁၀) ရပ်ကွက်နှင့် ပဂိုးကုန်းရွာရှိ စက်ရက်ကန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ စက်ရက်ကန်းများလည်ပတ်နေမှု၊ ဒေသထွက်ကုန်ကြမ်းများ အသုံးပြု၍ အထည်အမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)
**မြို့နယ်(ပြန်/ဆက်)**



## နှစ်ရှည်ပင်မျိုးစုံ ဧက ၂၇၀၀ ကျော် စိုက်ပျိုးထားရှိ

**ကျွန်းလှ စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် သီးနှံမျိုးစုံကို နွေ၊ မိုး၊ ဆောင်း ရာသီအလိုက်စိုက်ပျိုးကြရာ ယခုနှစ် နှစ်ရှည်ပင်သီးနှံမျိုးစုံ ဧက ၂၇၀၀ ကျော်စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ နှစ်ရှည်ပင်သီးနှံများ စိုက်ပျိုးရာတွင် သရက်၊ နဂါးမောက်၊ ထန်း၊ အုန်း၊ လျှော်ဖြူ၊ ပရဆေး၊ ငှက်ပျော၊ မာလကာ၊ ရှောက်၊ သံပရာ၊ ကွမ်းသီး၊ ကွမ်းရွက်နှင့် အခြားအပင်များ စိုက်ပျိုးကြသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ခုနှစ် နှစ်ရှည်ပင်စိုက်ပျိုးမှုအဖြစ် ပရဆေး ၅၈၅ ဧက၊ လျှော်ဖြူ ၅၈၄ ဧက၊ ကြယ်ပဲ ၁ ဧက၊ ထန်း ဧက ၂၀၊ အုန်း ၂၃၃ ဧက၊ ငှက်ပျော ၂၀၆ ဧက၊ ကွမ်းသီး ၁၃ ဧက၊ ကွမ်းရွက် ၅၄ ဧက၊ သစ်သီးပင် ၈၈၁ ဧကနှင့် အခြားအပင် ၁၄၂ ဧက စုစုပေါင်း ၂၇၁၉ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

(အပေါ်ပုံ)
(၄၈၀)

## သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ် စီမံကိန်းဆောင်ရွက်နိုင်ရေး အစည်းအဝေးကျင်းပ


**တံတားဦး စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးဆောင်၍ သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ် CBFP စီမံကိန်းဆောင်ရွက်နိုင်ရေးအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက တံတားဦးမြို့၊ အင်းဝခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူက အမှာစကားပြောကြားပြီး တံတားဦးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်နောင်က စီမံကိန်းဆောင်ရွက်နိုင်ရေး အစည်းအဝေးကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် စီမံကိန်းဧရိယာ ဦးစားပေး ရွေးချယ်ဆောင်ရွက်မှု၊ စီမံကိန်းဆောင်ရွက်ရမည့် အခြေခံမှုများနှင့် ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနဆိုင်ရာများက လိုအပ်သည့်ကိစ္စများကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

တံတားဦးမြို့နယ် သမဝါယမဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးရေး စီမံကိန်းတွင် မျိုး၊ သွင်းအားစုများ ပံ့ပိုးဆောင်ရွက်ရာတွင် စိုက်ဧက ၇၀၀ ကိုလည်းကောင်း၊ မိုးဝါသီးနှံစီမံကိန်းဆောင်ရွက်ရာတွင် ဧက ၈၀၀ ကိုလည်းကောင်း၊ ဆောင်းဆီထွက်သီးနှံဖြစ်သည့် မြေပဲစီမံကိန်းတွင် ၄၀၁၂ ဧက ကိုလည်းကောင်း၊ နို့စားနွားမွေးမြူရေးလုပ်ငန်းပံ့ပိုးဆောင်ရွက်ရာတွင် နွားကောင်ရေ ၇၇၆ ကောင်ကိုလည်းကောင်း၊ သက်တန့်ရောင်ရောင် စီမံကိန်းဖြင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုတွင် ဝက်ကောင်ရေ ၉၄ ကောင်ကိုလည်းကောင်း ဆောင်ရွက်ထားကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)
(၄၀၉)



## ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်ပွဲကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်ပွဲ ကျင်းပခဲ့ရာ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမန်ကိုဟောက ပြည်သူတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သင်တန်းကာလအတွင်း စာတွေ့၊ လက်တွေ့သင်ယူကြရန်၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ပြည်သူများအကြား ကြိုးစားဆောင်ရွက်သွားရန်၊ အရည်အချင်းပြည့်ဝသော ကျန်းမာရေးဝန်ထမ်းကောင်းများဖြစ်ကြစေရေး ကြိုးစားကြရန် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ကျောက်ဆည်ခရိုင် အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇင်ဇင်သန်းဝေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ကျန်းမာရေးမှူး(၄) တို့၏ အခန်းကဏ္ဍအကြောင်း ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမင်းထက်စိုးက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ မြင်းခြံ၊ နွားထိုးကြီး မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၈၇ ဦး တက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)
(၄၈၅)



သစ်တော၊ သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## နှလုံးခုန်နှုန်းမမှန်သူများအတွက် သွေးကျဲဆေးများက အကျိုးကျေးဇူးရှိနိုင်ကြောင်း ရလဒ်အသစ် ထွက်ပေါ်လာ

နှလုံးခုန်နှုန်းမမှန်သည့် ရောဂါဖြစ်ပွားသူများတွင် အဓိက အန္တရာယ် သတ်မှတ်ချက်ထက် လျော့နည်းနေလျှင် သွေးကျဲဆေးများကို အသုံးပြုခြင်းဖြင့် ပြင်းထန်သော နောက်ဆက်တွဲဆိုးကျိုးများကို လျော့ပါးစေနိုင်ပြီး သွေးထွက်လွန်ခြင်း အန္တရာယ်ကို မတိုးစေဘဲ လေဖြတ်ခြင်းကို ကာကွယ်နိုင်မည်ဟု ဆိုသည်။

နှလုံးခုန်နှုန်းမမှန်ပြီး လေဖြတ်နိုင်ခြေ အလယ်အလတ်ရှိသူများအတွက် တိုက်ရိုက်သောက်သုံးရသည့် သွေးကျဲဆေးများက အကျိုးကျေးဇူးရှိနိုင်ကြောင်း ပထမဆုံးအကြိမ် ကျပန်းစမ်းသပ်မှု အထောက်အထားများကို ပြသနိုင်ခဲ့သည်။ နှစ်နှစ်တာ ကာလအတွင်း အဆိုပါဆေးဝါးများသည် သွေးကျဲဆေးမသောက်သုံးသူများနှင့် နှိုင်းယှဉ်ပါက လေဖြတ်ခြင်း၊ ခန္ဓာကိုယ်တွင် သွေးကြောပိတ်ခြင်း၊ သွေးထွက်လွန်ခြင်း(သို့မဟုတ်)နှလုံးရောဂါဖြင့် သေဆုံးခြင်း စုစုပေါင်း အန္တရာယ်ကို ၆၉ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ခဲ့သည်။

နှလုံးခုန်နှုန်းမမှန်ခြင်းက နှလုံး၏ အပေါ်ဘက်အခန်းများကို ပုံမှန်မဟုတ်ဘဲ တုန်ခါစေသဖြင့် သွေးများစုပုံလာကာ သွေးခဲများ ဖြစ်ပေါ်လာနိုင်ခြေရှိစေသည်။ အဆိုပါ သွေးခဲသည် ဦးနှောက်ဆီသို့ ရောက်ရှိသွားပါက သွေးကြောကို ပိတ်ဆို့စေပြီး လေဖြတ်ခြင်းကို ဖြစ်ပွားစေနိုင်ပါသည်။ (SCI)

## J Hope @ Jung Hoseok က မွေးနေ့အတွက် ဝမ် သန်း ၃၀၀ လှူဒါန်း



BTS အဖွဲ့ဝင် J Hope @ Jung Hoseok က ၃၂ နှစ်ပြည့် မွေးနေ့အတွက် ဝမ် သန်း ၃၀၀ ကို ကျန်းမာရေးဌာနသို့ လှူဒါန်းခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

J Hope က အဆိုပါလှူဒါန်းမှုကို ကလေးဖွံ့ဖြိုးရေးရန်ပုံငွေအတွက် ဝမ် သန်း ၂၀၀၊ Green Umbrella ဆင်းရဲနွမ်းပါးသောကလေးသူငယ်စောင့်ရှောက်ရေးအတွက် ဝမ် သန်း ၁၀၀ လှူဒါန်းခဲ့သည်။

J Hope သည် ၂၀၂၂ ခုနှစ်မှ စတင်၍ ကလေးဆေးရုံဖွံ့ဖြိုးရေးဆိုးလ်အာဆန်ဆေးရုံသို့ နှစ်စဉ်လှူဒါန်းခဲ့ပြီး သူ၏ လှူဒါန်းမှုနှင့်အတူ ကလေးများ ဝေဒနာကို ကျော်လွှားနိုင်ပြီး တောက်ပသည့် အိပ်မက်မက်နိုင်ရန် စိတ်ရင်းနှင့် မျှော်လင့်ကြောင်း စာရေးသားပေးပို့ထားကာ ပရိသတ်အားပေးမှုအတွက် ပြန်ပေးဆပ်ချင်သည့် ဆန္ဒနှင့် အဓိပ္ပာယ်ရှိသော မျှဝေမှုကို လုပ်ဆောင်နိုင်၍ ကျေးဇူးတင်ကြောင်း ထပ်ဆင့်ပြောကြားထားသည်။ (SKY)

## Milo Manhein အပါအဝင် သရုပ်ဆောင်များ Flynn Rider နှင့် Rapunzel အဖြစ် သရုပ်ဆောင်ရန် ရွေးချယ်ခံကြ



Disney ၏ Tangled Live Action ရုပ်ရှင်တွင် အဓိကဇာတ်ကောင် Flynn Rider နှင့် Rapunzel အတွက် သရုပ်ဆောင် လူတွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ရာ မင်းသားချော မီလိုမန်ဟိန်မ်လည်း ပါဝင်သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Disney ၏ Zombies ရုပ်ရှင်များနှင့် လူသိများသော မင်းသား မီလိုမန်ဟိန်မ်၊ Nitflix ၏ Julie and the Phantoms စီးရီးနှင့် နာမည်ကြီးသော မင်းသား ချာလီဂီလ်စပဲနှင့် စကော့တလန် အင်ဒိုနီးရှား သရုပ်ဆောင် ဂီလီဂျိုးစ်တို့က Flynn Rider ဇာတ်ရုပ်အတွက် လူတွေ့စမ်းသပ်မှုတွင် အရွေးချယ်ခံခဲ့ကြသည်။

သရုပ်ဆောင်မင်းသမီး Rapunzel အဖြစ် သရုပ်ဆောင်ရန် ဖယ်ရီယာစကိုက်၊ ဆာရပ်ကက်သရင်းဟွတ်ခ်နှင့် တေဂန်ခရောဖ်တို့ကလည်း ရွေးချယ်ခံခဲ့ကြသည်။

လက်ရှိအချိန်ထိ တရားဝင်အတည်ပြုထုတ်ပြန်ခြင်းကို Disney ဘက်မှ ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ရိုက်ကူးရေးကို ၂၀၂၆ ခုနှစ် နှစ်လယ်တွင် စတင်မည်ဖြစ်သည်။ (SKY)

## အကန့်အသတ်မရှိသော အနုပညာရှင်တစ်ယောက်ဖြစ်ချင်သည့် Jung Kook

ကေပေါ့ပ်အနုပညာရှင် ဂျောင်ဂုသည် Rolling Stone UK နှင့် အင်တာဗျူးတွင် No Limits အကန့်အသတ်မရှိသော အနုပညာရှင် တစ်ယောက်ဖြစ်ချင်ကြောင်း ရင်ဖွင့်ထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျောင်ဂုက "အကန့်အသတ်မရှိတဲ့ အနုပညာရှင်တစ်ယောက်" မှာ သူရည်မှန်းထားသည့် ပုံစံဖြစ်ကြောင်း၊ အမြဲတမ်းပြောင်းလဲမှုကိုရှာဖွေ၍ ခေတ်ရေစီးကြောင်းကို ဖန်တီးနိုင်သည့် အနုပညာရှင်ဖြစ်ချင်ကြောင်း၊ အရာအားလုံး စိတ်ရှုပ်စရာဖြစ်ခဲ့ပြီးနောက် Seven ကြောင့် ယုံကြည်မှုပိုလာကြောင်း အင်တာဗျူးတွင် ပြောကြားထားသည်။

ဘီတီအက်စ်အဖွဲ့သီချင်းသစ်နှင့်အတူ မတူညီသည့်ဘက်ခြမ်းကို ပြသနိုင်ရန် အသစ်များကို စမ်းကြည့်၍ တိုးတက်ပြောင်းလဲရန် ကြိုးစားနေကြောင်း၊ တစ်ကိုယ်တော်ဂီတအတွက်ပါ ခြေလှမ်းသစ်များနှင့် စတင်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း Rolling Stone UK အင်တာဗျူးတွင် ပြောကြားသွား၍ ပရိသတ်များနှစ်သက်အားရဖြစ်နေကြသည်။ (SKY)

## Wang Yibo နှင့် Yue Hya စာချုပ်ကိစ္စ စိတ်ဝင်စားနေကြ




စွယ်စုံရ အနုပညာရှင် ဝမ်ရိဘိုနှင့် ယွဲ့ဟွာကုမ္ပဏီစာချုပ်ကိစ္စမှာ ပရိသတ်ကြား စိတ်ဝင်စားမှု မြင့်တက်ခဲ့သော သတင်းဖြစ်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝမ်ရိဘိုကို နာမည်ကြီးရုပ်ရှင်များက ကမ်းလှမ်းခဲ့သော်လည်း ငြင်းဆိုထားကာ ဒရာမာဇာတ်ကားများပါ လက်မခံခဲ့၍ ယွဲ့ဟွာကုမ္ပဏီက ပွဲတက်ရောက်ခွင့် ပိတ်ခဲ့ကာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာအထိ ထိန်းချုပ်ထားခွင့်ရှိခဲ့သည်။

စာချုပ်သက်တမ်းထပ်တိုးခြင်း မရှိသည့် ဝမ်ရိဘိုကို အစွမ်းကုန် နည်းလမ်းများသုံး၍ ကြိုးစားခဲ့သော ယွဲ့ဟာကုမ္ပဏီသည် တရုတ်အနုပညာလောကတွင် နာမည်ကြီးပြီး အနုပညာရှင်ပေါင်းများစွာ မွေးထုတ်ထားရာ ဝမ်ရိဘိုတစ်ဦးထဲ၏ အကျိုးအမြတ်ကြီးမားလွန်း၍ လက်လွှတ်မခံနိုင်ဖြစ်နေသည်။

ဝမ်ရိဘိုသည် အနုပညာလောကသို့ စတင်ခြေချခဲ့ရာ ၁၀ နှစ်ပြည့်ပြီဖြစ်ပြီး သူ၏ကြိုးစားအားထုတ်မှုနှင့် ဆုပေါင်းများစွာ ဆွတ်ခူးထားကာ ပရိသတ်ပေါ် ဩဇာလွှမ်းမိုးမှုနှင့် ကိုယ်ပိုင်လမ်းလျှောက်ရန် ကြိုးစားနေသည်။ (SKY)

## Lockdown တွင် စိတ်ပိုင်းဆိုင်ရာ ရန်းကန်မှုများ ပါဝင်




ဘောလိဝုဒ် အနုပညာလောကမှ ၂၀၂၆ ခုနှစ်တွင် ထွက်ရှိလာသည့် Lockdown တွင် စိတ်ပိုင်းဆိုင်ရာ ရန်းကန်မှုများကို ရင်နှင့်ဖွယ် ရိုက်ကူးတင်ပြထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကိုဗစ်မတိုင်မီ ၂၀၂၀ ပြည့်နှစ် အစောပိုင်းကာလကို ဇာတ်အိမ် တည်ထားကာ အိန္ဒိယလူလတ်တန်းစားမိသားစုမှ ဆင်းသက်လာသော မိန်းမပျိုလေး အလုပ်ရှာဖွေရန် ကြိုးစားရင်း မတော်တဆဖြစ်ရပ်တစ်ခုကြောင့် စိတ်ဒဏ်ရာ ရရှိခဲ့သည်။

အဆိုပါ စိတ်ဒဏ်ရာကို မိသားစုသိရှိရန် ဖွင့်မပြောနိုင်ဖြစ်နေချိန် Covid-19 Lockdown ကာလနှင့် ကြုံခဲ့ရသည်။ တစ်နိုင်လုံး Lockdown ချလိုက်ချိန် မိသားစုနှင့်အတူ အိမ်ထဲပိတ်မိသွား၍ အပြင်ထွက်ပြီး အကူအညီတောင်းရန် မဖြစ်နိုင်တော့ချေ။

မိသားစု၏ တင်းကျပ်သည့် စည်းကမ်း၊ ပတ်ဝန်းကျင်၏ ဖိအားများနှင့်အတူ သူ၏ စိတ်ပိုင်းဆိုင်ရာ ရန်းကန်ရမှုများကို ရင်နာဖွယ် ရိုက်ကူးတင်ဆက်ပြသထား၍ ပရိသတ်များကြား အထင်ကရ အမှတ်တရအဖြစ် ထင်ကျန်ရစ်ခဲ့သည်။ (SKY)

## Kuberaa ဇာတ်ကား ပရိသတ်အားပေးထား




ဘောလိဝုဒ်ရုပ်ရှင် Kuberaa မှာ လက်ရှိခေတ်စနစ်ပုံရိပ်များ အကြောင်း ရိုက်ကူးတင်ပြထား၍ ပရိသတ်တစ်ခဲနက် အားပေးမှုရရှိထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် "လူရိုး သန့်ရှင်းကုန်း" တွင်သာရှိသည်ဆိုသော စကားကို ပုံဖော်ပြသထားရာ ရိုးသားဖြောင့်မတ်သည်ဆိုသော အရာရှိတစ်ဦး ငွေနှင့် အာဏာကြောင့် မသမာသော လုပ်ရပ်များ လုပ်ပေးရန်ဖြစ်လာခဲ့သည်။

ကုဋေတစ်သိန်းကို ငွေဖြူတစ်ဝက်၊ ငွေမည်းတစ်ဝက်နှင့် လာဘ်ထိုးရန် တာဝန်ယူခဲ့ရာမှ အမည်လွှဲမှားလွှဲရန် တောင်းရမ်းစားသောက်သူလေးယောက်ကို အမည်ခံခေါ်ခဲ့သည်။တောင်းရမ်းစားသောက်သူများထဲမှ တစ်ဦးက အသုံးချပြီးလျှင် ရှင်းပစ်မည့်အကြံအစည်ကို သိသွားပြီး ဖော်ထုတ်ခဲ့ရာမှ "လူရိုး သန့်ရှင်းကုန်း" တွင်သာရှိသည့်ဇာတ်လမ်း ပေါ်ထွက်လာခဲ့သည်။ (SKY)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဗဟိုအာရှငါးနိုင်ငံမှ သမ္မတအဆင့် အကြီးအကဲများကို ဆိုးလ်မြို့တော်၌ ပထမဆုံးအကြိမ် လက်ခံတွေ့ဆုံမည်



**ဆိုးလ် စက်တင်ဘာ ၁၆**

တောင်ကိုရီးယားနိုင်ငံသည် ဗဟိုအာရှနိုင်ငံငါးနိုင်ငံ၏ နိုင်ငံအကြီးအကဲများကို ဆိုးလ်မြို့တော်၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည့် သမ္မတအဆင့် ထိပ်သီးအစည်းအဝေးအတွက် လက်ခံတွေ့ဆုံရန် စီစဉ်နေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တောင်ကိုရီးယားနှင့် အဆိုပါဒေသတို့အကြား ပထမဆုံးအကြိမ်အဖြစ် သမ္မတအဆင့် ထိပ်သီးအစည်းအဝေးအတွက် ဗဟိုအာရှနိုင်ငံငါးနိုင်ငံ၏ နိုင်ငံအကြီးအကဲများကို ထိုသို့ကျင်းပရန် စီစဉ်နေပြီး ပြည်တွင်းမီဒီယာများက "သမိုင်းဝင်" ဟု အမည်ပေးထားကြသည်။

တောင်ကိုရီးယား သမ္မတ လီဂျယ်မြောင်နှင့် ဥဇဘက်ကစ္စတန်၊ ကာဇက်စတန်၊ တာ့ခ်မင်စွတန်၊ တာဂျစ်ကစ္စတန်နှင့် ကာဂျစ္စတန်နိုင်ငံတို့မှ ခေါင်းဆောင်များအကြား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုများ အသီးသီးပြုလုပ်အပြီး ဗုဒ္ဓဟူးနေ့တွင် ကျင်းပမည့် ယင်းထိပ်သီးအစည်းအဝေးသည် ဗဟိုအာရှနှင့် အိမ်ရှင်နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေရန်နှင့် ပိုမိုခိုင်မာသော အခြေခံအုတ်မြစ်ပေါ်တွင် ရပ်တည်နိုင်စေရန် ရည်ရွယ်ထားကြောင်း သိရသည်။

Mon

## ဥရောပဈေးကွက်အတွက် ဟိုက်ဘရစ်အက်စ်ယူဗီ ကားသစ်တစ်မျိုး နစ်ဆန်းမော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ တပ်ဆင်ထုတ်လုပ်မည်



**လန်ဒန် စက်တင်ဘာ ၁၆**

ဂျပန်မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ နစ်ဆန်းသည် ဥရောပဈေးကွက်အတွက် အသေးစား ဟိုက်ဘရစ် အက်စ်ယူဗီကားသစ်တစ်မျိုးကို ဗြိတိန်နိုင်ငံ ဆန်းဒါးလန်းရှိ ၎င်း၏ စက်ရုံ၌ ထုတ်လုပ်သွားမည်ဖြစ်ပြီး ယင်းနေရာတွင် တပ်ဆင်ထုတ်လုပ်ရန် ပေါင် ၁၇၀ မီလီယံ (အမေရိကန်ဒေါ်လာ ၂၂၉ မီလီယံ) ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း သိရသည်။

ထုတ်လုပ်မည့် အချိန်ဇယားကို မထုတ်ပြန်ဘဲ ကိစ်ခ်စ် အီးပါဝါဟိုက်ဘရစ်မော်ဒယ်ကို ကက်ရှ်ကိုင်း၊ ဂျူခ်နှင့် လိဖ်လျှပ်စစ်ကားမော်ဒယ်များနှင့်အတူ ဆန်းဒါးလန်း စက်ရုံ၌ ထုတ်လုပ်သွားမည်ဟုသာ အဆိုပါကုမ္ပဏီက အတည်ပြုခဲ့သည်။

နစ်ဆန်းကုမ္ပဏီသည် စက်ရုံအချို့ ပိတ်သိမ်းခြင်း၊ အလုပ်အကိုင်များလျှော့ချခြင်းနှင့် ကက်ရှ်ကိုင်း လျှပ်စစ်ကား အပါအဝင် အနာဂတ်မော်ဒယ်အချို့ကို ဆိုင်းငံ့ခြင်းတို့ဖြင့် ကုန်ကျစရိတ်များကို လျှော့ချရန် ပြန်လည်ဖွဲ့စည်းပြင်ဆင်လျက်ရှိကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀-၀



## ဂျပန်နိုင်ငံရှိ အသက်တစ်ရာနှင့်အထက် လူဦးရေ တစ်သိန်းကျော်သွားပြီဟု အတည်ပြုကြေညာ

**တိုကျို စက်တင်ဘာ ၁၆**

ဂျပန်နိုင်ငံတွင် အသက်တစ်ရာနှင့်အထက် လူဦးရေသည် ပထမဆုံးအကြိမ်အဖြစ် တစ်သိန်းကျော်သွားပြီဟု ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကိန်းဂဏန်းများအရ ဂျပန်နိုင်ငံတွင် အသက်တစ်ရာကျော် လူဦးရေ ၁၀၇၆၇၇ ဦး ရှိနေပြီဖြစ်ကာ ၎င်းသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်ပြီး ယင်းတို့အနက် ၈၈ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြသည်။

ဆေးပညာနှင့် နည်းပညာတိုးတက်မှုများကို ကိုးကားလျက် "လူများစွာတို့သည် ရှည်လျားကျန်းမာပြီး တက်ကြွသောဘဝများကို ပိုင်ဆိုင်နေကြရသဖြင့် ဝမ်းမြောက်မိပါကြောင်း" ကျန်းမာရေးဝန်ကြီး ကဲနိချီရောက ထုတ်ဖော်ပြောကြားသည်။

သို့သော် ရေရှည်တည်တံ့သော လူမှုဖူလုံရေးစနစ်ကို ထိန်းသိမ်းရာတွင် ဂျပန်နိုင်ငံရင်ဆိုင်နေရသော စိန်ခေါ်မှုကိုလည်း ၎င်းက သတိပေးခဲ့ကြောင်းသိရသည်။

Mon

၀-၀-၀-၀-၀



## ဒေါ်လာ ၃၆ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ ဘိုးရင်းလေယာဉ် ၁၀၃ စင်းကို ကိုရီးယားလေကြောင်းလိုင်းက အပြီးသတ်မှာယူလိုက်ပြီဟု ဆို

**ဆိုးလ် စက်တင်ဘာ ၁၆**

အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ ဘိုးရင်းလေယာဉ် ၁၀၃ စင်း မှာယူမှုကို ကိုရီးယားလေကြောင်းလိုင်းက အပြီးသတ် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ မှာယူထားသော လေယာဉ်များအနက် ၇၈၇ စင်းသာလျှင် လက်ရှိတွင် လုပ်ငန်းသုံးဝန်ဆောင်မှုအတွက် အသိအမှတ်ပြုလက်မှတ် ရရှိထားပြီး ဘိုးရင်းကုမ္ပဏီအနေဖြင့် ၇၇၇-၈ ကုန်တင်လေယာဉ်ကို ဆက်လက်တည်ဆောက်ဆဲ ဖြစ်သည်။

လေကြောင်းဆိုင်ရာ အကြံပေးနှင့် ထောက်လှမ်းရေးကုမ္ပဏီ၏ ခန့်မှန်းချက်အရ လေယာဉ်မှာယူမှုတန်ဖိုးသည် လျှော့ဈေးများပြီးနောက် လက်ရှိဈေးကွက်ပေါက်ဈေးအရ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆ ဘီလီယံခန့်ရှိကြောင်း သိရသည်။ Mon

## ပင်လယ်နှင့် ချိတ်ဆက်ပေးမည့် အဓိကရေလမ်းကြောင်းအဖြစ် ပင်လုတူးမြောင်းကို တရုတ်နိုင်ငံတောင်ပိုင်းတွင် စတင်ဖွင့်လှစ်

**ပေကျင်း စက်တင်ဘာ ၁၆**

တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ အတွင်းပိုင်းဒေသများကို ပင်လယ်ပြင်နှင့် ချိတ်ဆက်ပေးမည့် အဓိကရေလမ်းကြောင်းကြီးဖြစ်သော ပင်လု တူးမြောင်းကို တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီကျောင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယမန်နေ့က တရားဝင်ရေကြောင်းသွားလာမှု စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အရှည် ၁၃၄ ဒသမ ၂ ကီလိုမီတာရှိသည့် ယင်းတူးမြောင်းသည် တရုတ်နိုင်ငံတောင်ပိုင်း၏ အရေးပါသော ရေကြောင်းပို့ဆောင်ရေး သွေးကြောမကြီးတစ်ခုဖြစ်သည့် ရှီကျန်းမြစ်စနစ်နှင့် ပေပူပင်လယ်ကွေ့တို့ကို ချိတ်ဆက်ပေးထားပြီး တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ အတွင်းပိုင်းဒေသများကို ပင်လယ်ပြင်သို့ ပိုမိုတိုက်ရိုက် သွားလာနိုင်သည့် လမ်းကြောင်းကို ပံ့ပိုးပေးထားသည်။

စုစုပေါင်း ရန်ပုံငွေ ယွမ် ၇၂ ဒသမ ၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈၃ ဘီလီယံ) ခန့် ရင်းနှီးမြှုပ်နှံကာ ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၂၈ ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါတူးမြောင်းအတွင်း မက်ထရစ်တန်ချိန် ၅၀၀၀ အထိရှိသော သင်္ဘောများကို လက်ခံနိုင်ရန် ဒီဇိုင်းဆွဲထားကြောင်း သိရသည်။

Mon



## အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တွင် ရေကြီးရေလျှံမှုများ အဆိုးရွားဆုံးဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိ



**နယူးဒေလီ စက်တင်ဘာ ၁၆**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ်တွင် ရေကြီးရေလျှံမှုများကြောင့် လူဦးရေငါးသန်းနီးပါး ဘေးဒုက္ခကြုံတွေ့နေရပြီး အဆိုးရွားဆုံး ထိခိုက်ခံစားရသည့်ဒေသများသို့ ကူညီထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မကြာသေးမီက မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် အိန္ဒိယနိုင်ငံ၌ ရေဘေးအန္တရာယ်ကျရောက်လွယ်ဆုံး ဘီဟာပြည်နယ်၏ ပင်မမြစ်ကြီး ခုနစ်စင်းလုံး စိုးရိမ်ရေမှတ်ထက် ကျော်လွန်ရောက်ရှိခဲ့သည်။

လိုအပ်ချက်ရှိနေသော မိသားစုများအား အစားအစာ၊ သန့်ရှင်းသော သောက်သုံးရေ၊ ဆေးဝါးများနှင့် အခြားလိုအပ်သည့် အခြေခံအဆောက်အအုံများကို ဆက်တိုက် ထောက်ပံ့ပေးလျက်ရှိသည်ဟု ဘီဟာပြည်နယ် ဒုတိယဝန်ကြီးချုပ် ဗီဂျေးကူးမား ချောက်ဓရီက ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

Mon

**STOP AIDS**

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၆**

အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း(ဗဟို)MEDA-Mdy တို့ ပူးပေါင်းကျင်းပသည့် အရက်၊ ဆေးလိပ်၊ ကွမ်းယာ၊ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲက မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ လမ်း ၄၀ နှင့် ၈၆လမ်းရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ကြီးကိုယ်စား လက်ထောက်တာဝန်ခံဆရာမ ဒေါ်ဇာခြည်ထွေးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အသင်း(ဗဟို) အမှုဆောင် ဒေါ်ခင်မေပိုင်က မူးယစ်ဆေးဝါးသမိုင်းကြောင်း၊ အသင်း(ဗဟို) အတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားနှင့်ဆိုးကျိုးအန္တရာယ်၊ အသင်း(ဗဟို)တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက လူငယ်နှင့်စိတ်ကြွဆေးအကြောင်း အသီးသီး ပညာပေးဟောပြောကြပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးဆိုင်ရာ ပဟေဠိမေးခွန်းများကို အသင်း(ဗဟို)အမှုဆောင် ဒေါ်သင်းသင်းဦးက မေးမြန်းပြီး မှန်ကန်စွာ ဖြေဆိုနိုင်သူများအား အမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဟောပြောပွဲသို့ အသင်း(ဗဟို)အမှုဆောင် ဦးကျော်မင်းသော်၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၀၇၀)**



## မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်အတွင်း မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် အသံချဲ့စက်ဖြင့် အသိပညာပေးနှိုးဆော်ခြင်းကို ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၅ ရက် ညနေ ၆ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပညာပေးနှိုးဆော်ရာတွင် ပြည်သူများအနေဖြင့် မီးလောင်မှုဖြစ်ပေါ်လာပါက လျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးနှင့် မီးငြိမ်းသတ်သည့်နည်းလမ်းများ စနစ်တကျရှိရေး၊ နေအိမ်များတွင် မီးသတ်ဆေးဘူးများ၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများ ထားရှိရေး၊ မီးငြိမ်းသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြုပုံနှင့် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်များအား လိုက်နာကြရန် အသိပညာပေးနှိုးဆော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၅၇)**



## ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မိုင်းယောင်း စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ စက်တင်ဘာ ၁၆ ရက်က 'ပလတ်စတစ်သုံးစွဲမှု လျှော့ချသုံးစွဲရေး' ခေါင်းစဉ်ဖြင့် ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပသည်။




ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းပန်နှင့် ကျွမ်းကျင်(၃)(ရုပ်သံ) ဒေါ်နန်းစီဖောင်းတို့က ပလတ်စတစ်ထုတ်ကုန်များသည် ဈေးသက်သာပြီး ထုပ်ပိုးရန် လွယ်ကူသော်လည်း ကျန်းမာရေးဆိုင်ရာပြဿနာများကို ဖြစ်ပေါ်စေခြင်း၊ ဆွေးမြေ့ရန် မလွယ်ကူခြင်း၊ ဂေဟစနစ်ကို ပျက်စီးစေခြင်း စသည့် ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေကြောင်း၊ ထို့ကြောင့် အများပြည်သူတို့အနေဖြင့် ဈေးဝယ်ထွက်လျှင် ဈေးဝယ်အိတ်၊ ဆွဲခြင်းများ အသုံးပြုခြင်း၊ အလွယ်တကူ ဆွေးမြေ့နိုင်သော ထုပ်ပိုးပစ္စည်းများကိုသာ အသုံးပြုခြင်းဖြင့် ပလတ်စတစ်ညစ်ညမ်းမှုကို လျှော့ချရန် လိုအပ်ကြောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်အသွယ်သွယ်က ရှောင်လွှဲ၍ လွတ်ဖို့ ခဲယဉ်းသည့်အလျောက် အညစ်အကြေးကင်းစင် သန့်ရှင်းသည့် ပတ်ဝန်းကျင်ကို လူတိုင်းကိုယ်စီ တည်ဆောက်နိုင်ကြပါစေကြောင်း စသည်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) (၅၀၅)**

## နှစ်လုံး၊ သုံးလုံးထီလောင်းကစားသူ အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့အား ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစားသူ အမျိုးသားသုံးဦးနှင့် အမျိုးသမီး တစ်ဦးတို့အား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ကျည်တောင်ကန်အမှတ်(၂) ရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင်၌ အဆိုပါရပ်ကွက်နေ ဦးထွန်းထွန်း(၆၁)နှစ်ဆိုသူအား နှစ်လုံး၊ သုံးလုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ထွန်းထွန်းဆိုသူအား ကျည်တောင်ကန်နယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း၊ အလားတူ မွန်းတည့် ၁၂ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ သရက်တောကျေးရွာနေ ဦးမျိုးဆွေ(၅၁)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီလောင်းကစားနေကြောင်း သတင်းအရ ကန်ရွာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်၌ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မျိုးဆွေ ဆိုသူအား ကန်ရွာနယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ကျိုက်လတ်မြို့နယ်၊ ကရင်ကဲကျေးရွာနေ ဒေါ်သန်းသန်းဦး(၄၆)နှစ်ဆိုသူ၏ နေအိမ်၌ သုံးလုံးထီ လောင်းကစားနေကြောင်း သတင်းအရ ကျိုက်လတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်၌ သုံးလုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သန်းသန်းဦး ဆိုသူအား ကျိုက်လတ်မြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း၊ ထို့အတူ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဆင်ဖြူကျွန်းကျေးရွာနေ ဦးအောင်ထူး(၅၃)နှစ်၏ နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားနေကြောင်း သတင်းအရ သထုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်ထူး ဆိုသူအား သထုံမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## နှစ်လုံး၊ သုံးလုံးထီ လောင်းကစားသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၆**

မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစားသူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကဒုံစီးရပ်ကွက်၊ ဒေးပိန်(၂)လမ်းနေ ဦးရဲလင်းကိုကို(ခ)စီကွမ်း(၃၅)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီလောင်းကစားနေကြောင်း သတင်းအရ သထုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်အောက်ထပ်ဧည့်ခန်း၌ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံး၊ ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ရဲလင်းကိုကို(ခ)စီကွမ်းဆိုသူအား ပေါင်မြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း၊ ထို့အတူ ညနေ ၄ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့၊ ထော်နှုတ်ကျေးရွာနေ ဒေါ်သူဇာမြင့်(၄၂)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီ လောင်းကစားနေကြောင်း သတင်းအရ ညောင်လေးပင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်၌ ၎င်းအား နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် သူဇာမြင့်ဆိုသူအား ပိန်းဇလုပ်နယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများ လိမ်လည်ရောင်းချလျက်ရှိသည့် ပြည်ပနိုင်ငံသား ၁၁ ဦးနှင့် မြန်မာနိုင်ငံသား ၁၇ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေ အရှေ့ရပ်ကွက် လမ်း(၈၀)၊ (၃၉) လမ်းနှင့် လမ်း(၄၀)ကြားရှိ နေအိမ်တွင် နေထိုင်လျက်ရှိသည့် နိုင်ငံခြားသားများသည် အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများအား လိမ်လည်ရောင်းချလျက်ရှိကြောင်း တာဝန်သိပြည်သူများက သတင်းပေးပို့တိုင်ကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် အဆိုပါနေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများကို လိမ်လည်ရောင်းချလျက်ရှိသည့် တရုတ်နိုင်ငံသား Mr.Chen Xiao Dai(ချိန်ရှောင်းတိုက်) ဦးဆောင်သည့် တရုတ်နိုင်ငံသား အမျိုးသား နှစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ မလေးရှားနိုင်ငံသား အမျိုးသား တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်းတရားခံ ၂၀ တို့အား အွန်လိုင်းလိမ်လည်ရာတွင် အသုံးပြုသည့် Desktop Computer ၂၈ လုံး၊ Laptop Computer သုံးလုံး၊ ကွန်ပျူတာ System Box နှစ်လုံး၊ ဖုန်း ၈၁ လုံး၊ Tablet သုံးလုံး၊ ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။


ဆက်လက်၍ စက်တင်ဘာ ၃ ရက် ညနေပိုင်းတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက် (၆၈)လမ်းနှင့် (၁၀၁) လမ်းထောင့်ရှိ တရားခံ အင်ခွန်ခါးတောမ်၏ "မက်ဒါလီနမွန် (MagDalenamoom) ကျောက်မျက်ရတနာ ရောင်းဝယ်ရေး" နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများကို လိမ်လည်ရောင်းချလျက်ရှိသော ကွင်းဆက်တရားခံများဖြစ်ကြသည့် အင်ခွန်ခါးတောမ်ပါ မြန်မာနိုင်ငံသား အမျိုးသမီး သုံးဦး၊ အမျိုးသား တစ်ဦးနှင့် တရုတ်နိုင်ငံသား အမျိုးသား လေးဦး စုစုပေါင်း တရားခံ ရှစ်ဦးတို့အား ဖုန်းမျိုးစုံ ၄၉၈ လုံး၊ Tablet တစ်လုံး၊ XL အမျိုးအစား Laptop တစ်လုံး၊ Computer System Board ငါးလုံး၊ Computer Monitor တစ်လုံး၊ ကျောက်စိမ်းဟု ယူဆရသည့် လက်ကောက် ၁၅ ကွင်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ တရုတ်နိုင်ငံသား Chen Xiao Dai (ချိန်ရှောင်းတိုက်)အား စစ်ဆေးရာ ၎င်းသည် လိမ်လည်မှုများကို ခေါင်းဆောင်သူဖြစ်ပြီး အွန်လိုင်းလိမ်လည်မှုပြုလုပ်ရန် ဖုန်းမျိုးစုံ အလုံး ၅၀၀ ခန့်ကို လာအိုနိုင်ငံ နယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်သယ်ယူခဲ့ကြောင်း၊ မဟာအောင်မြေမြို့နယ်ရှိ သုံးထပ်တိုက်၌ ကျောက်စိမ်းအချောထည်အတုများနှင့် အရည်အသွေးမကောင်းသော အချောထည်များကို လည်းကောင်း၊ တရားခံ အင်ခွန်ခါးတောမ်၏ ကျောက်မျက် အရောင်းခြံ၌ အရောင်တူကျောက် ၁၀ လုံးကို အိတ်များအတွင်း ထည့်၍ ၎င်းတို့၏အဖွဲ့ဝင်များက ကံစမ်းသည့်ပုံစံဖြင့် သရုပ်ဆောင်ကာ Liveလွှင့်ပြီး ရောင်းချ၍လည်းကောင်း၊ ကံစမ်းမဲပေါက်သူများအား ကျောက်စိမ်းအကြမ်းထည် တစ်အိတ် လက်ဆောင်ရရှိသဖြင့် ပေးပို့ရန် အခွန်အခပေးရမည်ဟု လည်းကောင်း လိမ်လည်၍ ငွေများ လက်ခံရယူပြီး Block ခဲ့ကြောင်း၊ လိမ်လည်ရာမှရရှိသည့် ငွေများအား အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံရှိ Bank Account များသို့ တိုက်ရိုက် ငွေလွှဲပေးပို့စေခဲ့ခြင်းဖြစ်ကြောင်း၊ တရားခံ အင်ခွန်ခါးတောမ်သည် ၎င်း၏နေအိမ်အား ကျောက်မျက်ရတနာရောင်းဝယ်ရေးဆိုင်ဖွင့်လှစ်ပြီး တရုတ်နိုင်ငံသား Chen Xiao Dai (ချိန်ရှောင်းတိုက်)နှင့်အတူ အွန်လိုင်းအသုံးပြုကာ ကျောက်မျက်ရတနာ လိမ်လည်ရောင်းချသည့် အလုပ်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာအတုများနှင့် အရည်အသွေးမကောင်းသော အချောထည်များကို လိမ်လည်ရောင်းချသူ တရုတ်နိုင်ငံသား ခြောက်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား လေးဦး၊ မြန်မာနိုင်ငံသား ၁၇ ဦး၊ စုစုပေါင်း ၂၈ ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်တွင် အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများလိမ်လည်ရောင်းချမှုမှ ဖမ်းဆီးရမိသည့် တရားခံများ အခြေပြဇယား








မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများ လိမ်လည်ရောင်းချလျက်ရှိသည့် ပြည်ပနိုင်ငံသား ၁၁ ဦးနှင့် မြန်မာနိုင်ငံသား ၁၇ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများ လိမ်လည်ရောင်းချသည့်အမှုမှ ဖမ်းဆီးရမိသည့် ပြည်ပနိုင်ငံသား အမျိုးသား ကိုးဦး၊ အမျိုးသမီး နှစ်ဦးတို့၏ မှတ်တမ်းဓာတ်ပုံ။

## နေအိမ်အတွင်း လူနှစ်ဦး ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိ

**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေးမြို့၊ မြို့သစ်(၅) ရပ်ကွက်၊ ၁၁၁(A)လမ်း၊ ၆၈(A)လမ်းနှင့် ၆၈(B)လမ်းကြားရှိ နေအိမ်တစ်အိမ်အတွင်း လူနှစ်ဦး ဓားဒဏ်ရာများဖြင့် သေဆုံးနေကြောင်း စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် သတင်းရရှိသဖြင့် သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းအရ သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သည့်အဖွဲ့က အဆိုပါနေအိမ်သို့ သွားရောက်ရှာဖွေစစ်ဆေးရာ နေအိမ်အတွင်းရှိ အိပ်ခန်းတစ်ခန်း၏ ခုတင်ပေါ်တွင် အသက် ၅၉ နှစ်ခန့်ရှိ အမည်မသိ အမျိုးသားတစ်ဦးမှာ ဓားဒဏ်ရာများဖြင့် ပက်လက်အနေအထား သေဆုံးနေသည်ကို တွေ့ရှိခဲ့သည်။

ထို့အပြင် နေအိမ်အပေါ်ထပ်သို့တက်သည့် လှေကားအောက်ခြေတွင်လည်း အသက် ၆၃ နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦးမှာ ဓားဒဏ်ရာများဖြင့် မှောက်လျက်အနေအထား သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အမှတ်(၁၁)မှုခင်းရဲတပ်ဖွဲ့စုမှူးရုံးမှ တာဝန်ရှိသူများက အခင်းဖြစ်နေရာအား အသေးစိတ်စစ်ဆေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း ကနဦးသတင်းအရ သိရသည်။

ဖြစ်စဉ်၏ အသေးစိတ် အခြေအနေများနှင့် သေဆုံးသူများ၏ ကိုယ်ရေးအချက်အလက်များကို ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ(မန္တလေးနေ့စဉ်)**



မတ္တရာမြို့၌ ကျင်းပသော ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် စာစီစာကုံးနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်။ စိုးကျော်သူထွေး

# နိုင်ငံတကာ အားကစား သတင်းများ

## ရီးရဲလ်မက်ဒရစ်အသင်းက အယ်လ်ချီအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ



**မက်ဒရစ် စက်တင်ဘာ ၁၆**

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ရီးရဲလ်မက်ဒရစ်အသင်းနှင့်အယ်လ်ချီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရီးရဲလ်မက်ဒရစ်အသင်းက အယ်လ်ချီအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၂၅ မိနစ်တွင် ဒီတူရီ(OG)၊ ပွဲချိန် ၃၃ မိနစ်တွင် ဘာပေ၊ ပွဲချိန် (၉၀+၁)မိနစ်တွင် ကားလို့စ်အက်စ်ပီတို့က အသီးသီး သွင်းယူပေးခဲ့သည်။ **(အပေါ်ဝဲပုံ)**

ရီးရဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၂၀ ရက်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(NGB)**

## ပေါလ်ဝမ်နာကို ခေါ်ယူရန် ဥရောပထိပ်သီးကလပ်အသင်းများ အပြိုင်စိတ်ဝင်စား

**လန်ဒန် စက်တင်ဘာ ၁၆**



ဥရောပ ထိပ်သီးကလပ်အသင်းများဖြစ်သည့် လီဗာပူးအသင်း၊ ဘိုင်ယန်မြူးနစ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့သည် ပီအက်စ်ဗွီအသင်းကွင်းလယ် တိုက်စစ်ကစားသမား ပေါလ်ဝမ်နာကိုခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် ပီအက်စ်ဗွီအသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၈ ပွဲ ကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ပီအက်စ်ဗွီအသင်းကလည်း ပေါလ်ဝမ်နာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေး ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် လီဗာပူးအသင်း၊ ဘိုင်ယန်မြူးနစ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့အနေဖြင့် မည်သည့်အသင်းက ပီအက်စ်ဗွီအသင်းမှ ပေါလ်ဝမ်နာကို ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ)(NGB)**

## ပီယာကာလူလူ ဂျူဗင်တပ်အသင်းတွင် ဆက်ရှိသွားမည်

**တူရင် စက်တင်ဘာ ၁၆**

နောက်ခံကစားသမား ပီယာကာလူလူ အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ဂျူဗင်တပ်အသင်းက အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက ဂျူဗင်တပ်အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား ပီယာကာလူလူသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၆ ပွဲကစားပြီး ခြေစွမ်းပြထားသည်။



ဂျူဗင်တပ်အသင်း၏ထုတ်ပြန်ချက်တွင် "ပီယာကာလူလူသည် အသင်းမှာ ဆက်ရှိသွားမှာပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ) (NGB)**

## ဒင်းဟန်ဒါဆန်ကို စာချုပ်သက်တမ်းတိုးရန် ခရစ္စတယ်ပဲလေ့စ်အသင်း စီစဉ်

**လန်ဒန် စက်တင်ဘာ ၁၆**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသင်းဂိုးသမား ဒင်းဟန်ဒါဆန်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ဒင်းဟန်ဒါဆန်သည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၉ပွဲကစားပြီး အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်း၏ ထုတ်ပြန်ချက်တွင် "ဒင်းဟန်ဒါဆန်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်ခဲ့သည်။ **(ယာပုံ)(NGB)**



## ဆိုဖီယန်ဘူဖယ်လ်ကို အယ်လ်အီတီဟတ်အသင်း ခေါ်ယူ

**ရီယာဒ် စက်တင်ဘာ ၁၆**

ဆော်ဒီကလပ် အယ်လ်အီတီဟတ်အသင်းသည် လီဟာဗာအသင်း တိုက်စစ်မှူး ဆိုဖီယန်ဘူဖယ်လ်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အယ်လ်အီတီဟတ်အသင်းနှင့်အတူ ၂၀၂၈ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး ဆိုဖီယန်ဘူဖယ်လ်သည် လီဟာဗာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီ ပြိုင်ပွဲစုံ ၁၇ ပွဲကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခြင်းကြောင့် အယ်လ်အီတီဟတ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဆိုဖီယန်ဘူဖယ်လ်အနေဖြင့် အယ်လ်အီတီဟတ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**





## 2026 Chengdu Open တင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၂၃ ရက်တွင် စတင်မည်

**ပေကျင်း စက်တင်ဘာ ၁၆**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Chengdu Open တင်းနစ်ပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၂၃ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Chengdu Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက်မှ ၃၀ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Chengdu Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

Chengdu Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ချီလီ တင်းနစ်ကစားသမား Alejandro Tabilo ဖြစ်သည်။

**(အပေါ်ပုံ)(NGB)**

## မန်ဒီ လက်ရွေးစင်ကစားသမားဘဝမှ အနားယူ

**ဒါကာ စက်တင်ဘာ ၁၆**

ဂိုးသမား မန်ဒီသည် နိုင်ငံအသင်းဖြစ်သည့် ဆီနီဂေါ လက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူခဲ့ကြောင်းအတည်ပြုကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ဆီနီဂေါလက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၈ မှ ၂၀၂၆ ခုနှစ်အထိ ပြိုင်ပွဲပေါင်း ပွဲ ၆၀ ကစားကာ အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ပြီး အောင်မြင်မှုများလည်း ရယူနိုင်ခဲ့သည်။ **(အပေါ်ယာပုံ)**



အသက်(၃၄)နှစ်အရွယ်ရှိ မန်ဒီက "ကျွန်တော် လက်ရွေးစင်ကစားသမားဘဝမှ အနားယူပါပြီ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ပြီးတော့ ကျွန်တော့်အနေနဲ့ ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ"ဟု ပြောသည်။ **(NGB)**

### ယူရိုပါလိဂ်ဘောလုံးပြိုင်ပွဲ (အမှတ်ပေးလိဂ်အဆင့်) (ပွဲစဉ်-၁) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | ပွဲစဉ် |
|---|---|
| ၁၇-၉-၂၀၂၆ ည ၁၁:၁၅ နာရီ | ဂရိတီ - ဟော်ဖန်ဟိမ်း |
| ။ | လက်ဗ်စကီးဆိုဖီယာ - ဆဲလ်ဘတ် |
| ၁၈-၉-၂၀၂၆ နံနက် ၀၁:၃၀ နာရီ | ဘီဆစ်တပ်စ် - မာဆေးလ် |
| ။ | ဆဲလ်တစ် - ဗီရန်တာရိုစ် |
| ။ | ပဲလေ့စ် - လက်ချ်ပေါ့ဇနန် |
| ။ | ဂျူဗင်တပ် - နစ်ဂျ်မီဂျန် |
| ။ | ဆိုစီဒက် - ဘုန်းမောက် |
| ။ | ပလာဇန် - စိန့်ဂယ်လ်ကျိုက်စ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၇-၉-၂၀၂၆ ည ၁၁:၃၀ နာရီ | ဘက်တစ် - ဂီတာဖေး | ဘက်တစ် ၄-၀ ဂီတာဖေး<br>ဂီတာဖေး ၂-၀ ဘက်တစ် |
| ၁၈-၉-၂၀၂၆ နံနက် ၀၂:၀၀ နာရီ | မာလာဂါ - ဗီလာရီးရဲလ် | မာလာဂါ ၁-၀ ဗီလာရီးရဲလ်<br>ဗီလာရီးရဲလ် ၂-၀ မာလာဂါ |

### အင်္ဂလန်လိဂ်ဖလား တတိယအဆင့်ပွဲစဉ်များ — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၁၈-၉-၂၀၂၆ နံနက် ၀၁:၃၀ နာရီ | မန်စီးတီး - နော့ဝစ်ချ် | မန်စီးတီး ၅-၀ နော့ဝစ်ချ်<br>နော့ဝစ်ချ် ၀-၄ မန်စီးတီး |

၂၀၇-၁၀

## အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး)၌ ဥပဒေအသိပညာပေးသင်တန်းဖွင့်လှစ်

**မကွေး စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံးနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး)တို့ ပူးပေါင်းဖွင့်လှစ်သည့် ဥပဒေအသိပညာပေးသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး)ပတ္တမြားခန်းမ၌ ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဒေါ်နွယ်နီနိုင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး)ကျောင်းအုပ်ကြီးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြဆရာ၊ ဆရာမများအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြပြီး အဆိုပါသင်တန်းတွင် တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ တာဝန်ရှိသူများက တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူ ၃၀၀ ဦးအား သိသင့်၊ သိထိုက်သည့် ဥပဒေပြဋ္ဌာန်းချက်များကို ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၆**

အနာဂတ်ကာလတွင် မျိုးဆက်သစ်ကျောင်းသားလူငယ်များ ဗဟုသုတ ဥာဏ်ပဒေါ ပြန့်ပွားတိုးတက်စေရန်... 

အနာဂတ်ကာလတွင် မျိုးဆက်သစ်ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လေ့ကျင့်ရေး အခြေခံပညာအလယ်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲကို အဆိုပါကျောင်းရှိ အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ လေ့ကျင့်ရေး အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာအေးက အဖွင့်အမှာစကားပြောကြားပြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ဆရာစိုင်းအောင်မိန်း(မိုတိုင်း)က "စာပေမြတ်နိုးပြည်ရွာဖွံ့ဖြိုး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ မင်းလပြည့်(ဟားခါး)က "ရိုးသားကြိုးစား အောင်မြင်မှုဖြင့် ကျော်လွှား" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ပြီး ဟောပြောပေးသည့် စာရေးဆရာကြီးများအား ကျောင်းအုပ်ဆရာမကြီးက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဆရာမကြီး ဒေါ်နုနုကြည်၊ အတွင်းရေးမှူး ဆရာ စိုင်းအောင်မိန်း (မိုတိုင်း)၊ စာရေးဆရာ မင်းလပြည့်(ဟားခါး)၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာအေးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။ (အောက်ပုံ)

(ဝ၅ဝ)




## မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(မန္တလေး)နှင့် တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်းတို့ပူးပေါင်း၍ AI နည်းပညာသင်တန်းဖွင့်လှစ်မည်

**မန္တလေး စက်တင်ဘာ ၁၆**

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ရုံးခွဲ(မန္တလေး)နှင့် တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း (မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး)တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၅ လမ်းနှင့်၇၁(အေ)လမ်းရှိ Skyline Hotel 1st Floor Meeting Room တွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ တစ်ကြိမ်ဖွင့်လှစ်သွားမည် ဖြစ်သည်။ **(အောက်ပုံ)**



မြန်မာ-တရုတ်ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ မြန်မာ-တရုတ် ချစ်ကြည်ရေးကို ခိုင်မြဲစေရန်နှင့် စီးပွားရေး လူမှုဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးကူညီရန်ရည်ရွယ်၍ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ တက်ဟုန်းဆရာ အတတ်သင်ကောလိပ်မှ ဆရာ Mr.Yang Shutao နှင့် Mr.Yuan Mingiu တို့က လေးရက်ကြာ ဉာဏ်ရည်တု(AI)နည်းပညာသင်တန်း ပို့ချပေးမည်ဖြစ်သည်။

သင်တန်းသား ၄၀ ဦးအား သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းတက်ရောက်ရန် စိတ်ဝင်စားပြီး သင်တန်းကာလ ၄ ရက်အချိန်ပြည့် တက်ရောက်နိုင်သူများအား အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား၍ မြန်မာ - တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ရုံးခွဲ(မန္တလေး)၊ ဖုန်း-၀၉-၇၈၈၈၂၃၃၄၀ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ (၀၄၅)

## အေရိုးဗစ်အဆင့်မြင့်သင်တန်းနှင့် မြို့နယ်ကိုယ်စားပြုရွေးချယ်ပွဲကျင်းပ

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်တွင် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် အေရိုးဗစ်အဆင့်မြင့်သင်တန်းနှင့် မြို့နယ်ကိုယ်စားပြုလူရွေးချယ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အားကစားခန်းမ၌ ကျင်းပ ပြီးစီးခဲ့သည်။

အဆိုပါသင်တန်းနှင့် လူရွေးချယ်ပွဲကို စက်တင်ဘာ ၁ ရက်မှ ၁၅ ရက်အထိ မြို့နယ် အားကစားခန်းမတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ စာသင်ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ သင်တန်းသူ စုစုပေါင်း ၉၂ ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းကာလအတွင်း အေရိုးဗစ်အဆင့်မြင့် နည်းစနစ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးခဲ့ပြီး စက်တင်ဘာ ၁၅ ရက်တွင် မြို့နယ်ကိုယ်စားပြုရွေးချယ်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။

ထိုသို့ရွေးချယ်ရာတွင် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပြီး ထူးချွန်ထက်မြက်သည့် အေရိုးဗစ်အားကစားသမား ၁၂ ဦးကို မြို့နယ်ကိုယ်စားပြုအဖြစ် စိစစ်ရွေးချယ်ခဲ့ကြောင်း သိရသည်။



**(အောက်ပုံ)**

**သဲသဲ(ပြန်/ဆက်)**

## ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၁၆**

စစ်ကိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှကြီးမှူး၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း (ရွှေမင်းဝံ) ပညာရောင်ခြည်ခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူလေးများက "ပတ်ဝန်းကျင်ထိန်းသိမ်းရေး" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိကျော်က ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံနှင့် ကျင်းပရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် Video Clip နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကပေးပို့သည့်သဝဏ်လွှာ Video Clip ကို ပြသခဲ့သည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက ဖျော်ဖြေပေးခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**



## ရပ်ကွက်နေပြည်သူများအား စားအုန်းဆီများကို ဈေးနှုန်းသက်သာစွာ ရောင်းချ

**ကန့်ဘလူ စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၌ ရပ်ကွက်နေပြည်သူများ စားအုန်းဆီများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေးအတွက် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်း၍ စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ကန့်ဘလူမြို့၊ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး ကျွန်းရွှေဝါလမ်းဘေး၌ ရောင်းချပေးသည်။ (ဝဲပုံ)



အဆိုပါ စားအုန်းဆီများ ရောင်းချရာ၌ ရပ်ကွက်နေပြည်သူများ သက်သာချောင်ချိစေရန်နှင့် သက်သာသောနှုန်းထားဖြင့် စနစ်တကျ ဝယ်ယူဝယ်ယူနိုင်စေရန် ရည်ရွယ်၍ ရပ်ကွက်နေပြည်သူ တစ်ဦးလျှင် တစ်ပိဿာလျှင် ငွေကျပ် ၉၁၅၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်းနှင့် ကျန်ရပ်ကွက်များ တွင်လည်း သတ်မှတ်နေရာအသီးသီးတွင် ရောင်းချပေးလျက်ရှိ ကြောင်းသိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ပြည်တွင်းထွက်အုန်းသီးကို တန်ဖိုးမြှင့်ကာ Homemade အုန်းစိမ်းဂျယ်လီ ထုတ်လုပ်ရောင်းချ

**မန္တလေး၊ စက်တင်ဘာ ၁၆**

ပြည်တွင်း၌ Homemade အုန်းစိမ်းဂျယ်လီ ထုတ်လုပ်ရောင်းချနေသည့် အသေးစားလုပ်ငန်းတစ်ခုအဖြစ် အုန်းသီးကုန်ကြမ်းများကို ဧရာဝတီတိုင်းဒေသကြီးမှ အဓိကဝယ်ယူအသုံးပြုကာ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိသည်။

အဆိုပါ အုန်းစိမ်းဂျယ်လီလုပ်ငန်းကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် မ,တည်ရင်းနှီးငွေကျပ် ၁၀ သိန်းခန့်ဖြင့် အသေးစားလုပ်ငန်းတစ်ခုအဖြစ် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် အုန်းစိမ်းဂျယ်လီအပြင် အုန်းစိမ်းရည်များကိုပါ ထုတ်လုပ်ရောင်းချလျက်ရှိရာ ဝန်ထမ်းခြောက်ဦးဖြင့် လုပ်ငန်းလည်ပတ်နေကြောင်း လုပ်ငန်းရှင် ဒေါ်ပပဝင်းက ပြောသည်။

အုန်းစိမ်းဂျယ်လီထုတ်လုပ်ရာတွင် အသုံးပြုသည့် အုန်းသီးများကို ဧရာဝတီတိုင်းဒေသကြီးမှ အဓိကဝယ်ယူပြီး အုန်းသီးများကို ပထမဦးစွာ အကြမ်းခွာ၍ အချောထည်ပြုလုပ်ရသည်။

ထို့နောက် အုန်းသီးများကို အဝန်းဝိုင်းညီညာစေရန် ထပ်မံပြုပြင်ပြီး အုန်းသီးအတွင်းရှိ အသားများကို ပါးပါးလှီးခြစ်ယူကာ အုန်းရည်ကို ကျိုချက်၍ ဂျယ်လီမှုန့်ထည့်ကာ ဂျယ်လီပြုလုပ်ရသည်။ ပြုလုပ်ပြီးသော ဂျယ်လီကို အုန်းသီးအတွင်းသို့ ပြန်လည်ထည့်သွင်းပြီး တစ်နာရီခန့် အအေးခံထားကာ တံဆိပ်ကပ်ခြင်းနှင့် ထုပ်ပိုးခြင်းများ ပြုလုပ်၍ စားသုံးသူများထံ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

အုန်းစိမ်းဂျယ်လီတစ်လုံးလျှင် ငွေကျပ် ၈၀၀၀ ဖြင့် ရောင်းချလျက်ရှိပြီး စားသုံးသူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် ခွဲဘူးတစ်ဘူးလျှင် ငွေကျပ် ၃၅၀၀ ဖြင့်လည်း ရောင်းချပေးလျက်ရှိသည်။

အုန်းစိမ်းဂျယ်လီရောင်းအားမှာ ယခင်ပွင့်လင်းရာသီကာလအတွင်း တစ်ရက်လျှင် အုန်းသီးအလုံးရေ ၂၀၀ မှ ၃၀၀ ကြား အထိ ရောင်းချနိုင်ခဲ့သော်လည်း မိုးရာသီကာလတွင် အရောင်းအနည်းငယ်အေးခဲ့သည်။

သို့သော် စက်တင်ဘာလမှ စတင်၍ ရောင်းအားပြန်လည်သွက်လက်လာပြီး လက်ရှိတွင် ပုံမှန်အားဖြင့် တစ်ရက်လျှင် အုန်းသီးအလုံးရေ ၁၀၀ ခန့် ရောင်းချလျက်ရှိသည်။

အုန်းစိမ်းဂျယ်လီများကို မန္တလေးမြို့၊ ၆၂လမ်းရှိ မနော်ရမ္မမြို့တော်ညဈေးတွင် လာရောက်ဝယ်ယူသူများထံ ရောင်းချလျက်ရှိသကဲ့သို့ နယ်ဖောက်သည်များထံသို့လည်း ပို့ဆောင်ရောင်းချလျက်ရှိသည်။

ထို့ပြင် ဆိုင်ဖွင့်ချိန်မတိုင်မီကြိုတင်မှာယူထားသည့် ဖောက်သည်များ၏ အော်ဒါများကို Delivery စနစ်ဖြင့် လိုက်လံပို့ဆောင်ပေးလျက်ရှိသည်။

"စားသုံးသူတွေအနေနဲ့ ဈေးနှုန်းသက်သာပြီး စားသုံးရအဆင်ပြေစေဖို့ အုန်းစိမ်းဂျယ်လီကို ခွဲဘူးလေးတွေနဲ့လည်း ရောင်းချပေးနေပါတယ်။ ဆိုင်မှာ လာရောက်ဝယ်ယူသူတွေအပြင် နယ်က ဖောက်သည်တွေအတွက်လည်း ပို့ဆောင်ပေးနေပါတယ်" ဟု ၎င်းက ပြောကြားသည်။

လက်ရှိတွင် အသေးစားလုပ်ငန်းအဖြစ် လည်ပတ်နေသော်လည်း ရောင်းအားပိုမိုကောင်းမွန်လာပါက လုပ်ငန်းကို ဆက်လက်ချဲ့ထွင်သွားရန် ရည်ရွယ်ထားကြောင်း ၎င်းက ပြောသည်။

အုန်းသီးကို အခြေခံကုန်ကြမ်းအဖြစ် အသုံးပြုကာ အုန်းစိမ်းဂျယ်လီနှင့် အုန်းစိမ်းရည်များကို ထုတ်လုပ်ရောင်းချခြင်းဖြင့် ဒေသထွက်ကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်သည့်အပြင် အသေးစားစီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် ဝင်ငွေရရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးနိုင်လျက်ရှိသည်။

အုန်းစိမ်းဂျယ်လီများကို ဆက်သွယ်မှာယူလိုသူများအနေဖြင့် ၀၉-၉၆၉၂၃၄၈၄၅ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)**

**ကျော်ဇေယျ(မန္တလေးနေ့စဉ်)**



# တရုတ်နှင့် အိန္ဒိယ ခရီးသွားများအတွက် ဆိုက်ရောက်ဗီဇာတစ်နှစ် ထပ်မံတိုးမြှင့်

**မန္တလေး စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် လာရောက်လည်ပတ်မည့် တရုတ်နှင့် အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသွားများအတွက် ဆိုက်ရောက်ဗီဇာ (Visa on Arrival - Tourist) ခွင့်ပြုချက်ကို တစ်နှစ်ထပ်မံသက်တမ်းတိုးမြှင့်ပေးလိုက်သည်။

ယခု သက်တမ်းတိုးမြှင့်မှုသည် တတိယအကြိမ်ဖြစ်ပြီး ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၃၀ ရက်မှ ၂၀၂၇ ခုနှစ်၊ ဩဂုတ် ၂၉ ရက်အထိ အကျုံးဝင်မည်ဖြစ်ကြောင်း ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက အသိပေးထားသည်။ **(အပေါ်ပုံ)**

ခရီးသွားလုပ်ငန်းနှင့် ပြည်တွင်းစီးပွားရေးအပေါ် သက်ရောက်နိုင်မှု ဆိုက်ရောက်ဗီဇာ ခွင့်ပြုချက်ကို ထပ်မံသက်တမ်းတိုးမြှင့်ပေးခြင်းကြောင့် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့မှ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လိုသည့် ခရီးသွားများအတွက် ခရီးစဉ်စီစဉ်ရာတွင် ပိုမိုလွယ်ကူလာနိုင်သည်။

ထို့အပြင် နိုင်ငံခြားခရီးသွားများ ဝင်ရောက်မှုတိုးလာပါက ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းများ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ လက်လီအရောင်းဆိုင်များနှင့် ဒေသထွက်ကုန်ပစ္စည်း ရောင်းချသူများအတွက် ဝင်ငွေအခွင့်အလမ်းများ တိုးလာနိုင်သည်။

မန္တလေးအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များ၊ ဘုရားစေတီများနှင့် ခရီးသွားဆွဲဆောင်မှုရှိသည့် ဒေသများတွင် ခရီးသွားလုပ်ငန်းပြန်လည်ဖွံ့ဖြိုးလာစေရန် အထောက်အကူဖြစ်နိုင်သော်လည်း ခရီးသွားဝင်ရောက်မှုအမှန်တကယ် မည်မျှတိုးလာမည်ဆိုသည်မှာ လေကြောင်းခရီးစဉ်များ၊ လုံခြုံရေးအခြေအနေများနှင့် ခရီးသွားများ၏ ဝယ်လိုအားအပေါ် မူတည်နေမည်ဖြစ်သည်။

**ရွှေမန်း**

# မန္တလေး ကညန ရုံးရှေ့ ယာဉ်ကြောပိတ်ဆို့မှုလျှော့ရန် လေဆိပ်ဟောင်းတွင် ရုံးခွဲဖွင့်

**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သိပ္ပံလမ်းဘေးရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (က.ည.န)ရုံးရှေ့ ယာဉ်ကြောပိတ်ဆို့မှု လျှော့ပါးစေရန် ချမ်းမြသာစည်မြို့နယ် လေဆိပ်ဟောင်းတွင် မော်တော်ယာဉ်ငယ်များအတွက် ယာဉ်သက်တမ်းတိုးဝန်ဆောင်မှု ရုံးခွဲကို စက်တင်ဘာ ၁၅ ရက်မှ စတင်ဖွင့်လှစ်ပေးနေပြီဖြစ်သည်။

ရုံးခွဲ ဖွင့်လှစ်ပြီးနောက် သိပ္ပံလမ်း၊ က.ည.န ရုံးရှေ့တွင် ယာဉ်သက်တမ်းတိုးရန် စောင့်ဆိုင်းသည့် မော်တော်ယာဉ်များ လျော့နည်းလာပြီး ယာဉ်ကြောပိတ်ဆို့မှုလည်း သိသိသာသာ လျော့ကျလာသည်။

အဆိုပါလုပ်ငန်းကို လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့် ဆောင်ရွက်ခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်မိုးသက်က လိုအပ်သည့် လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးနေကြောင်း မန္တလေးတိုင်း က.ည.န အင်ဂျင်နီယာတစ်ဦးက ပြောသည်။

လက်ရှိတွင် ချမ်းမြသာစည် လေဆိပ်ဟောင်းရှိ ယာယီရုံးခွဲ၌ ကွန်ပျူတာခြောက်လုံးအသုံးပြု၍ ယာဉ်သက်တမ်းတိုးဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**(အောက်ပုံ)**

**ကျော်ဇေယျ(မန္တလေးနေ့စဉ်)**






# အမြန်လမ်းသုံး ကုန်တင်ယာဉ်နှင့် Express ယာဉ်များ Telematics တပ်ဆင်ခွင့်အတွက် သတ်မှတ်ချက်များ ပြည့်မီရန်လို

**မန္တလေး စက်တင်ဘာ ၁၆**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား အသုံးပြုသွားလာနေသည့် ကုန်တင်ယာဉ်များနှင့် အဝေးပြေးခရီးသည်တင် (Express) ယာဉ်များအနေဖြင့် Telematics စနစ် တပ်ဆင်ခြင်းနှင့် သက်တမ်းတိုးခြင်းများ ဆောင်ရွက်ရာတွင် ယာဉ်ကြံ့ခိုင်မှုနှင့် ကိုယ်ထည်ဆေးရောင် သတ်မှတ်ချက်များ ပြည့်မီရန် လိုအပ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့က အမြန်လမ်းမကြီးပေါ်တွင် အဆိုပါယာဉ်များကို Telematics စနစ်တပ်ဆင်ပြီးမှသာ ဖြတ်သန်းသွားလာခွင့်ပြုထားခြင်းဖြစ်သည်။

Telematics စက်တပ်ဆင်ခြင်းနှင့် သက်တမ်းတိုးခြင်း ဆောင်ရွက်လိုသူများအနေဖြင့် ယာဉ်တာယာပန်း၊ ဘရိတ်၊ ဆိုင်းထိန်းစနစ် (Suspension System)၊ ဟွန်း၊ ရှေ့မီး၊ နောက်မီး၊ ဘေးမီးနှင့် အချက်ပြမီးစနစ်များ ကောင်းမွန်ရမည်ဖြစ်သည်။

ထို့အပြင် ယာဉ်ကိုယ်ထည်နှင့်ဖရိန်များ ကြံ့ခိုင်မှုရှိပြီး ကိုယ်ထည်ဆေးရောင် တောက်ပသစ်လွင်မှုရှိမှသာ စာရင်းသွင်းခွင့်ပြုမည်ဖြစ်သည်။ **(ယာပုံ)**

သတ်မှတ်ချက်များနှင့် မကိုက်ညီသည့် ယာဉ်များကို Telematics စက်တပ်ဆင်ခြင်းနှင့် သက်တမ်းတိုးခြင်း ခွင့်ပြုမည် မဟုတ်သဖြင့် ယာဉ်ပိုင်ရှင်များအနေဖြင့် မိမိတို့ယာဉ်များ၏ ကြံ့ခိုင်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုကို ပုံမှန်ဆောင်ရွက်ရန် လိုအပ်ကြောင်း အသိပေးထားသည်။

အမြန်လမ်းမကြီးပေါ်တွင် ကြံ့ခိုင်မှု အားနည်းသည့် Express ယာဉ်များနှင့် ကုန်တင်ယာဉ်ကြီးများကြောင့် ယာဉ်ကြောအနှောင့်အယှက်ဖြစ်ခြင်း၊ ယာဉ်မတော်တဆမှုများနှင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နိုင်ကြောင်းလည်း သိရသည်။

ထို့ကြောင့် ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ထားသည့် အမြန်နှုန်းများကို လိုက်နာမောင်းနှင်ရန် လိုအပ်ပြီး Express ယာဉ်ကြီးများမှာ တစ်နာရီလျှင် ကီလိုမီတာ ၉၀၊ ကုန်တင်ယာဉ်နှင့် ပစ်ကပ်ယာဉ်များမှာ တစ်နာရီလျှင် ကီလိုမီတာ ၆၀ အောက်၌သာ မောင်းနှင်ရမည်ဖြစ်သည်။

**ရွှေမန်း**






## မိတ်ကပ်မလိမ်းမီ ရေခဲတုံးနဲ့ အသားအရေကို တင်းရင်းအောင် ပြင်ဆင်ခြင်း

မိတ်ကပ်မလိမ်းမီ အသားအရေကို ရေခဲတုံးနဲ့ ပြင်ဆင်ပေးခြင်းဟာ မိတ်ကပ်လိမ်းတဲ့အခါမှာသုံးတဲ့ သဘာဝ Primer နည်းလမ်းတစ်ခု ဖြစ်ပါတယ်။ သန့်ရှင်းသော ပဝါပါးမှာ ရေခဲတုံးပတ်ပြီး မျက်နှာပေါ်မှာ တစ်မိနစ်မှ နှစ်မိနစ်ခန့် ဖြည်းညင်းစွာ စက်ဝိုင်းပုံစံ ပွတ်ပေးရပါမယ်။ ဒီလိုပြုလုပ်ပေးခြင်းအားဖြင့် မျက်နှာပေါ်မှာရှိတဲ့ ချွေးပေါက်တွေကို ခဏတာကျဉ်းသွားစေပြီး မျက်နှာရောင်ရမ်းမှုနဲ့ နံနက်ခင်း မျက်နှာဖောင်းခြင်းနှင့် ဖောနေခြင်းကို သက်သာစေပါတယ်။ ဒါ့အပြင် အသားအရေ တင်းရင်းသွားတာကြောင့် မိတ်ကပ်လိမ်းတဲ့အခါ အသားအရေထဲကို စိမ့်ဝင်လွယ်ပြီး တစ်နေကုန် မိတ်ကပ်မကွက်ဘဲ တင်းတင်းရင်းရင်း သဘာဝကျကျလှပနေစေမှာ ဖြစ်ပါတယ်။ ရေခဲတုံးကို မျက်နှာပေါ်ကို တိုက်ရိုက်ပွတ်လိုက်ပါက သွေးကြောမျှင်တွေ ပျက်စီးနိုင်တာကြောင့် အဝတ်ပါးပါးထဲ ရေခဲတုံးထည့်ပြီး ပွတ်တဲ့နည်း(သို့) ခွက်တစ်ခုထဲ ရေနဲ့ ရေခဲရေကို ရောထည့်ပြီးအဲ့ဒီရေခွက်ထဲမှာမျက်နှာကို စိမ်တဲ့နည်းကို အသုံးပြုနိုင်ပါတယ်။

**Daisy**



## အိမ်မှာအလွယ်တကူ ပြုလုပ်နိုင်တဲ့ ဆံပင်ကို သဘာဝပရိုတင်းများနှင့် ပေါင်းတင်နည်း

ဆံပင် ခြောက်သွေ့ပျက်စီးခြင်းနဲ့ အဖျားနှစ်ခွဖြစ်ခြင်းကို သဘာဝပရိုတင်းတွေနဲ့ ပြန်လည်ပြုပြင်ပေါင်းတင်လို့ ရပါတယ်။ သဘာဝပရိုတင်းပေါင်းဆေးပြုလုပ်ရန်အတွက် ကြက်ဥတစ်လုံးနဲ့ ဒိန်ချဉ် စားပွဲတင်ဇွန်း နှစ်ဇွန်း၊ ပျားရည် စားပွဲတင်ဇွန်း တစ်ဇွန်းတို့နဲ့ ရောမွှေလိုက်ပါ။ ရလာတဲ့ အနှစ်ကို ခေါင်းမလျှော်ခင် ဆံပင်အရင်းကနေ အဖျားအထိ သုတ်လိမ်းပေးပြီး ပလတ်စတစ် ခေါင်းစွပ်စွပ်ပြီး နာရီဝက် ထားပေးရပါမယ်။ ပြီးရင် ရေနဲ့ သေချာ ဆေးကြော၍ ခေါင်းလျှော်ရည် အပျော့စားဖြင့် လျှော်ချပေးပါ။ ကြက်ဥမှာ ပါဝင်တဲ့ ပရိုတင်းဓာတ်က ဆံသားကို ကြံ့ခိုင်စေပြီး ဒိန်ချဉ်နဲ့ ပျားရည်တို့က သဘာဝအစိုဓာတ်ကို ဖြည့်ဆည်းပေးတာကြောင့် ဆံကေသာကို တောက်ပြောင်နူးညံ့စေပြီး သန်မာစေပါတယ်။ ဒီနည်းလမ်းအတိုင်း နှစ်လတစ်ခါ ပုံမှန်ပြုလုပ်ပေးမယ်ဆိုရင် ဆံပင်ခြောက်သွေ့ပျက်စီးနေတာတွေကို သက်သာစေပြီး ဆံသားကျန်းမာစေမှာပါ။ တကယ်လို့ သင့်ဆံသားအဖျားတွေက ခြောက်သွေ့ပျက်စီးပြီး အဖျားတွေကကြမ်းနေရင်တော့ ဘယ်လိုပဲ လုပ်လုပ် ပြန်ကောင်းမလာနိုင်တာကြောင့် တစ်ခါတည်း ညှပ်ပစ်လိုက်တာက ဆံပင်သန်စွမ်းစေရန်အတွက် ပိုပြီးကောင်းစေပါတယ်။

**Daisy**



## ရေမွှေးဆွတ်ရင် ရနံ့ကြာရှည်ခံပြီး သင်းပျံ့စေမည့် နည်းလမ်းများ



ရေမွှေးဆွတ်သည့်အခါ ပုံမှန်ပြုလုပ်လေ့ရှိသည့် လက်ကောက်ဝတ်(သို့)လည်ပင်းလို သွေးခုန်နှုန်းရှိတဲ့ နေရာများသာမကဘဲ ဆံပင်နဲ့ အဝတ်အစားတွေပေါ်မှာ သဘာဝအတိုင်း မွှေးပျံ့နေစေဖို့ဆိုရင် ဆံပင်ဖြီးတဲ့ဘီးကို ရေမွှေးနဲ့ ခပ်လှမ်းလှမ်းမှ သုံး၊ လေးချက် ဖျန်းပေးပြီးမှ ဆံပင်ကို ဖြီးပေးခြင်း (သို့မဟုတ်) အဝတ်အစားအတွင်းဘက် အနားစနေရာမှာ ရေမွှေးဖျန်းတဲ့နည်းလမ်းတွေကို အသုံးပြုနိုင်ပါတယ်။ ဆံပင်နဲ့ အဝတ်အစားတွေက ရေမွှေးကို ကာလကြာရှည်စွာ ထိန်းသိမ်းပေးထားနိုင်တဲ့အပြင် ခန္ဓာကိုယ်လှုပ်ရှားလိုက်တဲ့အခါတိုင်း သဘာဝအတိုင်း သင်းပျံ့မွှေးကြိုင်နေစေမှာပါ။ ရေမွှေးမှာ အယ်လ်ကိုဟော ပါဝင်တာကြောင့် ဆံပင်ပေါ်ကို တိုက်ရိုက်ဖျန်းရင် ဆံပင်ခြောက်သွေ့ပျက်စီးနိုင်တာကြောင့် ဘီးပေါ် (သို့မဟုတ်) ဆံပင်နဲ့ နည်းနည်းခွာပြီး လေထဲဖျန်းသည့်နည်းလမ်းကို သုံးစွဲသင့်ပါတယ်။

**Daisy**

## ရိုးရှင်းသောစတိုင်လ်မှ အဆင့်မြင့်ဖက်ရှင်ဖြစ်အောင် Accessories နဲ့ ပြောင်းလဲခြင်း



မိမိဝတ်ဆင်ထားတဲ့ အဝတ်အစားတွေက အရမ်းရိုးရှင်းနေရင် ထင်ရှားလှပတဲ့ ဖက်ရှင်ပစ္စည်းတစ်ခုနဲ့ တွဲဖက်ဝတ်ဆင်လိုက်လျှင် ဖက်ရှင်စတိုင်လ်တစ်ခုလုံးကို အဆင့်မြင့်သွားအောင် ပြောင်းလဲပေးနိုင်ပါတယ်။ ဥပမာ - တီရှပ်အဖြူနဲ့ ဂျင်းဘောင်းဘီလိုမျိုး သာမန်ရိုးရှင်းတဲ့ ဝတ်စုံတွေမှာ နားကွင်းကြီးကြီး၊ ခါးပတ်ပြားကြီးကြီး(သို့မဟုတ်)အရောင်တောက်တောက် လက်ကိုင်အိတ်လိုမျိုး တစ်ခုတည်းကို ရွေးချယ်ပြီး ထည့်သွင်းဝတ်ဆင်လိုက်မယ်ဆိုရင် အရာအားလုံးကို ထင်ရှားအောင် ပြိုင်တူဝတ်ဆင်ခြင်းထက် တစ်ခုတည်းကိုသာ Focal Point အဖြစ် ထားလိုက်ခြင်းက ဖက်ရှင်ကို ပိုမိုပေါ်လွင်စေပြီး အများကြီးပြင်ဆင်စရာမလိုဘဲ စမတ်ကျပြီး ခေတ်မီဆန်းသစ်တဲ့ စတိုင်လ်ကို လွယ်ကူစွာရရှိစေတဲ့ နည်းလမ်းဖြစ်ပါတယ်။

**Daisy**

## အရောင်တစ်မျိုးတည်းရဲ့ အရောင် အနု၊ အရင့်ကို ကစားခြင်း (Monochrome Palette Strategy)




အဝတ်အစား ဝတ်ဆင်ရာမှာ အရောင်မျိုးစုံကို ရောနှောမဝတ်ဘဲ အရောင်တစ်မျိုးတည်းရဲ့ အနု၊ အရင့်ကို စနစ်တကျ တွဲဖက်ဝတ်ဆင်ခြင်းက ကြည့်ရတာဆန်းသစ်ပြီး သားနားတဲ့ အသွင်အပြင်ကို ရရှိစေပါတယ်။ အဝတ်အစားဝတ်ဆင်ရာမှာ အောက်ခံ(သို့မဟုတ်)အတွင်းထပ်မှာ အရောင်နု (ဥပမာ - နို့ဆီရောင်၊ Cream အရောင်)ကိုဝတ်ဆင်ပြီး အပေါ်ထပ် (သို့မဟုတ်)အောက်ပိုင်းကို အရောင်ရင့် (ဥပမာ - အညိုရင့်ရောင်)တို့ကို တွဲဖက်ဝတ်ဆင်ပေးမယ်ဆိုရင် အရောင်အနုနဲ့ အရင့်ကွဲပြားမှုကို တစ်ဆက်တည်း တွဲဖက်လိုက်ခြင်းဖြင့် အရပ်ပိုမိုရှည်သွယ်တဲ့ပုံစံကို ဖြစ်ပေါ်စေပါတယ်။ အခုလို တစ်ရောင်တည်းကို အနုနဲ့ အရင့် တွဲဖက်ဝတ်ဆင်ခြင်းက အဝတ်အစား တန်ဖိုးကြီးသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ စမတ်ကျပြီး အဆင့်အတန်းမြင့်ပုံစံပေးစွမ်းနိုင်တဲ့ ဖက်ရှင်တစ်ခု ဖြစ်ပါတယ်။

**Daisy**

# အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ



**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ယမန်နေ့ နံနက် ၉ နာရီခွဲက မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ လူငယ်စကားဝိုင်းတွင် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ စာဖတ်ရှိန်မြှင့်တင်ရန်နှင့် လူငယ်စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ Grade-10 ကျောင်းသူ မအိဖြူစင်က "လူငယ်နဲ့ စာပေ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-8 ကျောင်းသား မောင်အေးချမ်းမောင်က "လူငယ်နဲ့ Social Media" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 ကျောင်းသား မောင်ညဏ်လင်းထက်က "လူငယ်နဲ့ မူးယစ်ဆေးဝါး" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြရာ လူငယ်စကားဝိုင်း တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများကလည်း သိရှိလိုသည်များကို မေးမြန်းကြရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ခဲပုံ)(၀၇၅)**

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း ဆောင်ရွက်

**မြို့သစ် စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ကလေးအလုပ်သမားနှင့်ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရေးအတွက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့်ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ပုလင်းကြီးကျေးရွာအုပ်စု၊ ပုလင်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်းက ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးအလုပ်သမား၏ အသက်အရွယ်၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်၊ ကလေးသူငယ်များအတွက် အခွင့်အရေးဆိုင်ရာများနှင့် ကလေးအလုပ်သမားပပျောက်ရေးအတွက် အသိပညာပေးအကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် အ.မ.က(ပုလင်း)မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများအား ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဝင်းအိစွန်း(ပြန်/ဆက်)**



# အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၁၆**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက ကျောင်းသား၊ ကျောင်းသူ လူငယ်များအား ဗလငါးတန်နှင့်ပြည့်စုံစေရန် အသိပညာ၊ ဗဟုသုတများ ပြည့်စုံစေရန်၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားတတ်စေရန်အတွက် စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုကြရေး၊ ငယ်စဉ်ကပင် စာဖတ်သည့် အလေ့အကျင့်ကောင်းများကို ပျိုးထောင်ကြရေး၊ အနာဂတ်တွင် နိုင်ငံတော်က အားထားရသည့် မျိုးဆက်သစ်လူငယ်လေးများ ဖြစ်လာစေရေးစသည့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက Mobile Library စနစ်ဖြင့် သုတ၊ ရသ စာအုပ်များ အခမဲ့ငှားရမ်းပေးခဲ့ပြီး ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များ ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **နေလင်းအောင်(ပြန်/ဆက်)**



**ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး**

# လှေပြိုင်ပွဲ

\- - - - - - - - - - -

* တော်သလင်းလ
သင်ဖြူးခင်းတဲ့ မြစ်ရော
ဟို...အတိတ်တွေက
"ပြိုင်ပွဲလှေ"သည်ရေကြောမှာ
ပေါ်ခဲ့ပေတာ......။

* ဗေတိုးသံ
ကမ်းအထက်ဆီက
"လှေထိုးသံ"လျှံထွက်အောင်
တီးချက်မှန်စွာ......။

* ပုဂံက အထက်ဆန်
မပျက်အမှန်၊ "မြင်းခြံသား"
"ရေစကြို"၊ "ပခုက္ကူ"တစ်လွှားမှာလ
မသိသူ ကျော်ကာသွားကြ
ပြိုင်စံရှား "ဗိုလ်ချုပ်"လှေ
ပြိုင်သူတွေ နှစ်စဉ်ရှုံး။

* လက်ညီညီ
တက်ချီမြောက်ပါလို့
ပန်းတိုင်ဆီ အရောက်သွားမယ်
နောက်ကျသူ"သစ္စာဖောက်"တဲ့
သွေးသောက်တို့ထုံး။ ။

**မြတ်လင်းသူ**

# စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက အ.မ.က(နားဖန်း)၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်း၊ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်နှင့် ဝန်ထမ်းများက စာဖတ်သောလူမျိုးသည် တိုးတက်၍ တိုးတက်သောလူမျိုးသည် စာဖတ်ကြသည့်အကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ကလေးအလုပ်သမားပပျောက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေး၊ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်၊ မသန်စွမ်းသူများနှင့်ပတ်သက်၍ သိကောင်းစရာများကို ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသားလူငယ်များ အသိပညာဗဟုသုတကြွယ်ဝပြီး အတွေးအခေါ် အမြော်အမြင်တိုးတက်မြင့်မားလာစေရန် အသိပညာပေး နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ စာအုပ်၊ စာစောင်ပြပွဲများကို ခင်းကျင်းပြသပေးကာ စာဖတ်သည့်အလေ့အကျင့်များ တိုးတက်လာစေရန် စာအုပ်၊ စာပေများကို ဖတ်ရှုလေ့လာစေခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဝေဝေခိုင်(ပြန်/ဆက်)**





## ဒေါ်ကော့(ခ)ဒေါ်ကွန့်နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ ဦးပိုင်အမှတ်(၁-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၅၄)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကော့(ခ)ဒေါ်ကွန့်ထံမှ ကျွန်တော် ဦးခင်မောင်စိုးက (၁၉-၂-၂၀၁၁)ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။

အဆိုပါကတိစာချုပ်အရ ဖော်ပြပါဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးပါရန် (၂၉-၉-၂၀၂၆)ရက်တွင် နောက်ဆုံးထား၍ ကျွန်ုပ်တို့ထံသို့ လာရောက်ဆက်သွယ်ချုပ်ဆိုပေးပါရန် အသိပေး အကြောင်းကြားပါသည်။ လာရောက်ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ကော့(ခ)ဒေါ်ကွန့်နှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**ဦးခင်မောင်စိုး(ဘ)ဦးတင်အောင်**

**၉/တသန(နိုင်)၀၇၄၄၆၄**

**ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

## ဒေါ်ငွေးငွေးနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃E)၊ ဦးပိုင်အမှတ်(၂-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၅၄)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ငွေးငွေးထံမှ ကျွန်တော် ဦးခင်မောင်စိုးက (၁၉-၂-၂၀၁၁)ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင် ထားပါသည်။

အဆိုပါကတိစာချုပ်အရ ဖော်ပြပါဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးပါရန် (၂၉-၉-၂၀၂၆)ရက်တွင် နောက်ဆုံးထား၍ ကျွန်ုပ်တို့ထံသို့ လာရောက်ဆက်သွယ်ချုပ်ဆိုပေးပါရန် အသိပေး အကြောင်းကြားပါသည်။ လာရောက်ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ငွေးငွေးနှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**ဦးခင်မောင်စိုး(ဘ)ဦးတင်အောင်**

**၉/တသန(နိုင်)၀၇၄၄၆၄**

**ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ၊ အပိုင်း(၂) အကွက်အမှတ်(မမ-၁၆)၊ တိုက်အမှတ်(၄)၊ အခန်းအမှတ်(၂၀၃)၊ ဒုတိယထပ်၊ ဦးခင်မောင်သန်း အမည်ပေါက် တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်အေးသီတာထွန်း(ဘ)ဦးဉာဏ်ရင်(၁၂/ကမတ(နိုင်)၀၅၀၂၈၃)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကလည်း အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ကိစ္စနှင့် အမည်ပြောင်းခြင်းအတွက် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်စိုးစိုးခိုင်(၁၂/မဂတ(နိုင်)၀၂၈၃၁၇)၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်နန်းအိရွှေစင် (LL.B) တရားလွှတ်တော်ရှေ့နေ**

**အကွက်(မမ–၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၄၀၂၅၃၁၉၉၉၊ ၀၉–၆၉၃၉၉၉၁၁၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြရည်နန္ဒာအိမ်ရာ၊ အကွက်အမှတ်(မမ-၂၅)၊ တိုက်အမှတ်(၁၀)၊ အခန်းအမှတ်(၈)၊ ပထမထပ်၏ အမည်ပေါက်သူ ဒေါ်မိုးမိုးစံ(ဘ)ဦးကံထူး(၉/မရတ(နိုင်)၁၂၇၈၈၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြမြကြည်(ဘ)ဦးတုံရှိုးဖျင်(၁/မမန(နိုင်)၀၅၁၇၅၀)က အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ အဆိုပါတိုက်ခန်းအား အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ၊ မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ၊ အောက်ပါလိပ်စာသို့ဖြစ်စေ ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –ဒေါ်နန်းအိရွှေစင် (LL.B) တရားလွှတ်တော်ရှေ့နေ**

**အကွက်(မမ–၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၄၀၂၅၃၁၉၉၉၊ ၀၉–၆၉၃၉၉၉၁၁၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၅)၊ ဦးပိုင်အမှတ်(၆၀-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၈)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးကောင်းမြတ်(ဘ)ဦးထွန်းမြင့်(၈/ဆပဝ(နိုင်)၀၉၄၀၂၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ–၁)၊ ၆၇လမ်း၊ ၃၁–အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၇၈၆၇၊ ၀၉–၇၆၂၀၃၇၈၆၇၊ ၀၉–၇၉၂၀၃၇၈၆၇၊ ၀၉–၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၈)၊ ဦးပိုင်နံပါတ်(၁၅၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)၏ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ ဦးဖိုးကို အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်သူရထွန်း(ဘ)ဦးထွန်းလင်း(၉/ခမစ(နိုင်)၀၆၀၈၇၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) | | |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | | |
| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၂)၊ ဦးပိုင်နံပါတ်(၁၀၇-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၈)ဧက အကျယ်အဝန်းရှိ ဦးစိုးနိုင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးမြတ်နိုင်(ဘ)ဦးသက်လွင်(၅/ခဥတ(နိုင်)၀၉၉၃၉၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) | | |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | | |
| ဒေါ်ယုသစင်အောင် (LL.M) | ဦးဖြိုးသခန့် (LL.B) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမိုမိုထွန်း (LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

မီး သတိပြု။

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၄)၊ ဦးပိုင်နံပါတ်(၇၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)၏ အရှေ့ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေနေရာချထားပေးခြင်းခံခဲ့ရကာ လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဖိုးကျော်(ဘ)ဦးထွန်းလှ(PKU-၂၀၈၂၃၄၊ ၉/ခမစ(နိုင်)၀၄၁၆၁၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) | | |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | | |
| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်(က-၅)၊ ဦးပိုင်(၉၈)မြေကွက်သည် ဦးကျော်ဝင်း(ဘ)ဦးပြား(MDYSE-109428) အမည်ဖြင့် မြေချထားမိန့် ရရှိထားသော (စလစ်မြေ)ဖြစ်ပြီး အဆိုပါမြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀) မြေကွက်၏ တောင်ဘက်ပိုင်း (၁၀ပေ×ပေ၆၀) မြေအစိတ်အပိုင်းနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသည့် ဒေါ်စန်း(ဘ)ဦးအောင်ဖေ(၉/မရတ(နိုင်)၀၀၆၁၀၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**

**ဒေါ်ဝင်းလဲ့လဲ့မျိုး (LL.B,D.B.L)**

**(တရားလွှတ်တော်ရှေ့နေ)**

**၆၈(B)လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ၀၉–၄၀၃၀၉၉၂၉၆**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၆)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရှိန္ဒမာခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေက ကမ္ဘာပေါ်ရှိနိုင်ငံအများစုသည် မူးယစ်ဆေးဝါးပြဿနာကြောင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို များစွာထိခိုက်စေလျက်ရှိကြောင်း၊ UNODC ၏ စာရင်းဇယားများအရ ၂၀၂၅ ခုနှစ်တွင် တစ်ကမ္ဘာလုံး မူးယစ်ဆေးဝါးသုံးစွဲသူ ဦးရေ ၃၁၆ သန်းခန့်ရှိကြောင်း။

**အဆင့်ဆင့်ဖွဲ့စည်းထား**

မြန်မာနိုင်ငံသည် လူလုပ်မူးယစ်ဆေးဝါးပြဿနာများနှင့် တိုးမြင့်ရင်ဆိုင်နေရလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များအပြင် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်မှ ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့်အထိ ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များကို အဆင့်ဆင့်ဖွဲ့စည်းထားပြီးဖြစ်ကြောင်း။

လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များ အနေဖြင့် ပြည်တွင်းပဋိပက္ခဖြစ်ပွားနေမှုအပေါ် အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများအပြင် လက်နက်/ ခဲယမ်းများ ဝယ်ယူခြင်းနှင့် လူသစ်စုဆောင်းခြင်းများ ဆောင်ရွက်နေကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ပြည်ပနိုင်ငံများမှသယ်ဆောင်ပြီး ၎င်းတို့နယ်မြေအတွင်း ထုတ်လုပ်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးကိုအမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိရာ “အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်”ကို သုံးသပ်ပြင်ဆင်ရေး ဦးစီးကော်မတီဖွဲ့စည်းကာ ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး Operation 42 ၏ အောင်မြင်မှုများအပေါ်အခြေခံ၍ စစ်ဆင်ရေးများ ဆက်လက်ဆောင်ရွက်ရန်နှင့် မူးယစ်ဆေးဝါးများ သာမက ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့် ဓာတုပညာရှင်များ ဝင်ရောက်မှုကို တားမြစ်ရန် လိုအပ်ကြောင်း၊ ပင်လယ်ရေကြောင်းထွက်ပေါက်များတွင် တပ်မတော်(ရေ)၊ ရေကြောင်းရဲတပ်ဖွဲ့၊ ဆိပ်ကမ်းအာဏာပိုင်တို့နှင့်ပူးပေါင်း၍ ပိတ်ဆို့ဖမ်းဆီးရန်လိုအပ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် KTV၊ Bar၊ Club၊ ဖျော်ဖြေရေး အစီအစဉ်များနှင့် Hotel၊ Motel၊ တည်းခိုခန်းများတွင် မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းချမှုမရှိစေရေး စစ်ဆေးကြပ်မတ်ပြီး စုံစမ်းဖော်ထုတ်ဖမ်းဆီးသွားရန်လိုအပ်ကြောင်း။

မြန်မာနိုင်ငံအတွင်း ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ မူးယစ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသော မူးယစ်တရားခံပြေး ၅၈ ဦး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်ပြီး ၂၀၂၅ ခုနှစ်အတွင်း အမှုပေါင်း ၆၈၅ မှုမှ ပြည်သူ့ဘဏ္ဍာအဖြစ် ငွေကျပ် ၄၂၈၅ သန်းကျော်၊ ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ အမှုပေါင်း ၃၅၆ မှုမှ ပြည်သူ့ဘဏ္ဍာအဖြစ် ငွေကျပ် ၃၅၈၅ သန်းကျော် သိမ်းဆည်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများတွင် ကိုယ်ကျိုးစွန့်လွှတ်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မိတ်ဖက်အဖွဲ့အစည်းများမှ လူပုဂ္ဂိုလ်များနှင့် သတင်းပေးများအား ဆုကြေးငွေနှင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့်အတူ လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ဆုကြေးငွေများ ထပ်ဆောင်းချီးမြှင့်ပေးလျက်ရှိကြောင်း။

ဘိန်းစိုက်ပျိုးမှုလျော့နည်း ပပျောက်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့များက ကြိုတင်အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဘိန်းစိုက်တောင်သူများ ဝင်ငွေရရှိမည့်လုပ်ငန်းများအပြင် ဒေသနှင့်ကိုက်ညီသည့် သီးနှံများစိုက်ပျိုးရေးနှင့် ဈေးကွက်ရရှိရေး စီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

အစားထိုးစိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုးကောင်းမျိုးသန့်များရရှိရေး၊ အထွက်နှုန်းကောင်းမွန်သည့် သီးနှံမျိုးစေ့များရရှိရေး၊ မြေဩဇာနှင့် ပိုးသတ်ဆေးများရရှိရေး ဆောင်ရွက်ပေးရန်၊ မွေးမြူရေးတွင် ဒေသနှင့်ကိုက်ညီသည့် တိရစ္ဆာန်များထောက်ပံ့ခြင်း၊ သင်တန်းများပေးခြင်း၊ တိရစ္ဆာန်ကုသဆေးနှင့် ရောဂါကာကွယ်ဆေးများရရှိရေး ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ မူးယစ်ဆေးစွဲသူများ ဆေးကုသမှု ခံယူရေး စည်းရုံးဆောင်ရွက်ရန်၊ ဆေးကုသပြီးသူများ ထပ်မံမသုံးစွဲရေး နောက်ဆက်တွဲစောင့်ရှောက်မှုပေးရန်နှင့် ဝေးလံခက်ခဲသည့်ဒေသများတွင် မူးယစ်ဆေးစွဲရောဂါကုဌာနငယ်များဖွင့်လှစ်၍ ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေး အထောက်အပံ့များရရှိစေရန်၊ ကုသရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ရန်၊ ဆေးကုသမှုခံယူပြီးသူများ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်နေထိုင်ဝင်ဆံ့လာစေရေးနှင့် မိမိဘဝရပ်တည်နိုင်စေရန် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် တက်ရောက်လာကြသူများက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြပြီး မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးလွင်၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်လည်းကောင်း ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ U-17 အမျိုးသားလက်ရွေးစင်အသင်း ဂျပန်နိုင်ငံသို့ ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၆**

ဂျပန်ဘောလုံးအဖွဲ့ချုပ်(JFA)၏ ဖိတ်ကြားချက်ဖြင့် ဂျပန်နိုင်ငံ၊ နီဂါတာမြို့၌ ကျင်းပမည့် (၂၈)ကြိမ်မြောက် “2026 International Youth Football in Niigata” နိုင်ငံတကာ လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ U-17 အမျိုးသား လက်ရွေးစင်အသင်းသည် ဂျပန်နိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ပြီး ပြိုင်ပွဲအတွက် ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။

အဆိုပါ ပြိုင်ပွဲကို ဂျပန်ဘောလုံးအဖွဲ့ချုပ် (JFA)နှင့် နီဂါတာဒေသဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး စက်တင်ဘာ ၁၅ ရက်မှ ၂၂ ရက်အထိ နီဂါတာမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

နှစ်ပေါင်း ၂၀ ကျော် အစဉ်အလာမပျက် ကျင်းပလာခဲ့သည့် အဆိုပါ နိုင်ငံတကာ U-17 ဖိတ်ခေါ်ပြိုင်ပွဲတွင် အိမ်ရှင် ဂျပန် U-17 အသင်း၊ နီဂါတာ လက်ရွေးစင်အသင်း(Niigata Selection Team)၊ မြန်မာ U-17 အသင်းနှင့် နယူးဇီလန် U-17 အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲကို ပတ်လည်စနစ် (Round-robin)ဖြင့် ကျင်းပမည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် ပွဲစဉ် သုံးပွဲစီ ယှဉ်ပြိုင်ရမည်ဖြစ်ကာ အမှတ်အများဆုံးရရှိသည့် အသင်းက ချန်ပီယံဆုရရှိမည်ဖြစ်သည်။



မြန်မာ U-17 အသင်းသည် ပထမပွဲစဉ်အဖြစ် စက်တင်ဘာ ၁၇ ရက်၊ ဒုတိယပွဲစဉ်ကို စက်တင်ဘာ ၁၉ ရက်နှင့် တတိယပွဲစဉ်အဖြစ် စက်တင်ဘာ ၂၁ ရက် တို့တွင် အသီးသီး ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာ U-17 အသင်းကို နည်းပြချုပ်အဖြစ် ဂျပန်လူမျိုး နည်းပြ Ryuji Sueoka က ဦးဆောင်ကိုင်တွယ်မည်ဖြစ်ပြီး အသင်းအုပ်ချုပ်သူအဖြစ် မြန်မာ့လက်ရွေးစင်ဟောင်း ဦးရန်ပိုင်၊ လက်ထောက်နည်းပြအဖြစ် ဦးအောင်မိုး၊ ဂိုးနည်းပြအဖြစ် ဦးမြကိုမင်း၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာစိုးမြင့်အောင်၊ နည်းစနစ် သုံးသပ်သူအဖြစ် ဦးသက်ပိုင်ဦးနှင့် နည်းစနစ် ဒါရိုက်တာ Mita Michiteru တို့က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ကမ္ဘာ

၀-၀-၀-၀

**၁၆-၉-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉ ဒသမ ၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆ ဒသမ ၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**